# ရင်းနှီးစီးပွားသတင်းလွှာ

# MIFER BULLETIN



(2/2024)

# ရင်းနှီး/ စီးပွား သတင်းလွှာ

## နာယကများ

| | |
|---|---|
| ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး |
| ဒေါက်တာဝါဝါမောင် | ဒုတိယဝန်ကြီး |

## အယ်ဒီတာချုပ်

| | |
|---|---|
| ဦးမင်းဇော်အေး | လက်ထောက်အတွင်းဝန် |

## စာတည်းအဖွဲ့

| | |
|---|---|
| ဒေါ်ခင်ထွေးသက် | ဒုတိယညွှန်ကြားရေးမှူး |
| ဦးအောင်ထက်ပိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်ဝင်းဇာဇာလှိုင် | ဒုတိယဦးစီးမှူး |
| ဒေါ်ဇင်ဇင်ထက် | အကြီးတန်းစာရေး |
| ဦးအောင်ကျော်ကျော် | အငယ်တန်းစာရေး |

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

| | |
|---|---|
| ဦးကောင်းဆက် | ဦးစီးအရာရှိ |

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

◊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

◊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

◊ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

◊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

◊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

◊ နိုင်ငံရေး

- စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

◊ **စီးပွားရေး**

- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

◊ **လူမှုရေး**

- တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
- နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကဗျာကဏ္ဍ** | |
| ၁ | “ရင်းနှီး စီးပွား ပြည့်အင်အား” | ၁ |
| | **ဆောင်းပါးကဏ္ဍ** | |
| ၂ | လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး | ၂ |
| ၃ | ကုမ္ပဏီအဖွဲ့အစည်းများအပေါ် ကြပ်မတ်ထိန်းကျောင်း ခြင်းဆိုင်ရာ အစီအမံများ | ၄ |
| ၄ | အိန္ဒိယနိုင်ငံ၏ပဲစိုက်ပျိုးထုတ်လုပ်မှုနှင့်ဈေးကွက်အခြေအနေအကြောင်း တစေ့တစောင်း | ၉ |
| ၅ | တရုတ်နှင့် ရုရှားတို့ ကုန်သွယ်မှုအား ၂၀၂၄ ခုနှစ်တွင် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် စီစဉ်ထားရှိ | ၁၁ |
| ၆ | အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ အပိုင်း (၂) စတင်နေပြီလား | ၁၂ |
| ၇ | ဆိပ်ဖြူမြို့နယ်၏ ဆီထွက်သီးနှံ မိုးမြေပဲစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက် | ၁၅ |
| | **MIFER သတင်းကဏ္ဍ** | |
| ၈ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့မှာ ကျင်းပတဲ့ (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေး ဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တက်ရောက်ခြင်း | ၁၆ |
| ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E MR. ABHAY THAKUR အား လက်ခံတွေ့ဆုံ | ၁၇ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အာရပ် စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed AL Faheem အား လက်ခံတွေ့ဆုံခြင်း | ၁၇ |
| ၁၁ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E.Mr.Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | ၁၈ |
| ၁၂ | ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ သို့ တက်ရောက်အားပေးခြင်း | ၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ ခွဲဝေချထားမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျာထားချက်များ အကောင်အထည်ဖော်မှု၊ လုပ်ငန်း ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း | ၂၀ |
| ၁၄ | ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း | ၂၁ |
| ၁၅ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၄) “မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတွေ့အကြုံ မျှဝေခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ” ကျင်းပခြင်း | ၂၂ |
| ၁၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း | ၂၃ |
| ၁၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကျင်းပ | ၂၅ |
| ၁၈ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၄) ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခြင်း | ၂၆ |
| ၁၉ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၅) ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခြင်း | ၂၈ |
| ၂၀ | ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း | ၃၀ |
| ၂၁ | ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း | ၃၀ |
| ၂၂ | ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း | ၃၁ |
| | **DICA သတင်းကဏ္ဍ** | |
| ၂၃ | အာဆီယံ-အာရပ်ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်ခြင်း | ၃၃ |
| ၂၄ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးက လက်ရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင်နိုင်ငံခြားနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၇ ခုကိုခွင့်ပြုခြင်း | ၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ်တပ်ဆင် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၆ ခုကို ခွင့်ပြုခြင်း | ၃၅ |
| ၂၆ | နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပခြင်း | ၃၆ |
| ၂၇ | ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၃၆ |
| ၂၈ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေး ကျင်းပခြင်း | ၃၇ |
| ၂၉ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၃၇ |
| ၃၀ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၃၇ |
| ၃၁ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း | ၃၈ |
| ၃၂ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၃၈ |
| ၃၃ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း | ၃၈ |
| ၃၄ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၃၉ |
| ၃၅ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၃၉ |
| ၃၆ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၄၀ |
| ၃၇ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်းနှင့် တည်ဆောက်ရေးကာလ ပြင်ဆင်ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများ၏ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု အားပေးခြင်း | ၄၀ |
| ၃၈ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်းများ၏ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၄၁ |
| ၃၉ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း | ၄၁ |
| ၄၀ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခြင်း | ၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး ကော်မတီ၏ ကွင်းဆင်းစစ်ဆေးခြင်း | ၄၂ |
| ၄၂ | ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခြင်း | ၄၂ |
| ၄၃ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၄၂ |
| ၄၄ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၄၃ |
| ၄၅ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းစစ်ဆေးခြင်း | ၄၃ |
| ၄၆ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၄၄ |
| | **FERD သတင်းကဏ္ဍ** | |
| ၄၇ | ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနကွန်ရက် (Global Development Promotion Center Network) ၏ သတ္တမအကြိမ် ညွှန်ကြားရေးမှူးချုပ် အဆင့် စကားဝိုင်းဆွေးနွေးပွဲ | ၄၅ |
| ၄၈ | (၂၁) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ပူးတွဲကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပခြင်း | ၄၅ |
| ၄၉ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Ouyang Daobing တို့အကြား မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း | ၄၆ |
| ၅၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr.Amit Shreeansh အား လက်ခံတွေ့ဆုံခြင်း | ၄၆ |
| ၅၁ | အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ နိုင်ငံသားကဲ့သို့ တန်းတူအခွင့်အရေးပေးရေးနှင့် ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေး၏ပထမအကြိမ် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၄၇ |
| ၅၂ | အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆပ်ကော်မတီ၏ ဒုတိယအကြိမ် အာဆီယံသီးသန့်အစည်းအဝေးကျင်းပခြင်း | ၄၈ |
| ၅၃ | အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ စတုတ္ထ အကြိမ် ပူးတွဲကော်မတီ အစည်းအဝေးကျင်းပခြင်း | ၄၈ |
| ၅၄ | (၂၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေး ကျင်းပခြင်း | ၄၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပြည်တွင်း/ ပြည်ပသတင်းကဏ္ဍ | |
| ၅၅ | ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာထုတ်ပြန်ထားရှိမှုများ | ၅၀ |
| ၅၆ | ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးတိုးမြှင့်ရန်အတွက် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်ကို ရေးထိုးခဲ့ခြင်း | ၅၁ |
| ၅၇ | သီရိလင်္ကာ အခြေခံအဆောက်အအုံနှင့် အခွန်ဆိုင်ရာအထူးအခွင့်အရေးများကို အသုံးချရန် ထိုင်းကုမ္ပဏီများအတွက် အခွင့်အလမ်းများ | ၅၂ |
| ၅၈ | သန့်ရှင်းသောစွမ်းအင်၊ ရေကြောင်းလုံခြုံရေးနှင့် ငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း | ၅၂ |
| ၅၉ | ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံး ကုမ္ပဏီ ၁၀၀ စာရင်းတွင် ဗီယက်နမ်နိုင်ငံမှ လျှပ်စစ်မော်တော်ယာဉ် ကုမ္ပဏီ Vin Fast ပါဝင်ခြင်း | ၅၃ |
| ၆၀ | Cisco သည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအား AI နည်းပညာရန်ပုံငွေအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း | ၅၃ |
| ၆၁ | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၅၄ |
| ၆၂ | အုန်းတန်ဖိုးမြှင့်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၅၅ |

# ဥယျောဇဉ်



နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင် ဖွံ့ဖြိုးမှု အထောက်အပံ့၊ ဈေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိက မဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ရည်ရွယ်၍ ရင်းနှီး/ စီးပွား သတင်းလွှာကို ထုတ်ဝေခဲ့ရာ သုံးနှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့် အညီ ဤသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီနှင့် ဈေးငွေများရယူ၍ အကျိုးထိရောက်စွာ အသုံးချနိုင်ရေး၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ရင်းနှီး မြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေး ဆောင်ရွက်ချက်များ စသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/ စီးပွားသတင်းလွှာ (၂/ ၂၀၂၄) တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်း/ ပြည်ပစီးပွားရေးသတင်းများနှင့် ဗဟုသုတရရှိစေမည့် ကဗျာ၊ ဆောင်းပါးများတို့ကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်း ပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ဆောင်းပါး ရေးသားပေးပို့ ကြသည့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးသတင်းများ ကူညီပံ့ပိုးပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိ ပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

# ကဗျာကဏ္ဍ

## “ ရင်းနှီး စီးပွား ပြည့်အင်အား ”

ဒို့တိုင်း ဒို့ပြည်
တိုးတက်စေဖို့

ရင်းနှီး စီးပွား
ပြည့်အင်အားဟု

ငါတို့ မှတ်ယူ
ပံ့ပိုးကူ၏။

*********

ပြည်တွင်း ပြည်ပ
ဒေသတွင်းပါ

ဖွံ့ဖြိုးမိတ်ဖက်
ဖွဲ့စည်းတို့ရဲ့

ယုံကြည်ကိုးစား
အားထားရာဟု

ငါတို့ မှတ်ယူ
ဖေးမကူ၏။

*******

သက်တမ်းနုနယ်
ရွယ်စား ငယ်လည်း

တိုင်းပြည်ဖွံ့ဖြိုး
စီးပွားတိုးဖို့

ပေးအပ်တာဝန်
ကျေပွန်စေကြောင်း

အားသစ်လောင်းသည်
ရည်မှန်းချက်တို့ ပြည့်စေသော်။

**************

**အိမွန်ဇာ (MIFER)**

# ဆောင်းပါးကဏ္ဍ

MIFER
BULLETIN
2/2024

## လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

လုပ်သား၊ ငွေအရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းနှင့် လုပ်ငန်းစဉ်များသည် ထုတ်လုပ်မှုဆိုင်ရာ သွင်းအားစုများ ဖြစ်ကျပါသည်။ သွင်းအားစုတွင် ပါဝင်သော လုပ်သား ဆိုသည်မှာ လူသားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုး တိုးတက် လျက်ရှိသော ကမ္ဘာကြီးတွင် လူသားအရင်းအမြစ် ရှိယုံမျှ ဖြင့် လုံလောက်ခြင်း မရှိတော့သဖြင့် စွမ်းဆောင်ရည် ပြည့်ဝသော လုပ်သား အရင်းအမြစ်များ ဖော်ထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြပါသည်။

တောင်ကိုရီးယားနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝမှု မရှိသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည် ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များဖြင့် တည် ဆောက်ခဲ့ပါသည်။ ခေတ်နောက်ကျသော နိုင်ငံတစ်ခု၏ စီးပွားရေးတိုးတက်စေရန်အတွက်အခြေခံကျသောလူသား အရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ အသုံးချရန် လိုအပ်ပါသည်။ **“နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက် ရာတွင်ခိုင်မာအားကောင်းသော အမျိုးသားရေး စိတ်ဓာတ် အားမာန် (Strong National Will-power) ရှိရန် လိုအပ်သကဲ့သို့ အဆိုပါအားမာန်ကို လက်တွေ့ စွမ်းဆောင်မှုအဖြစ် ပြောင်းလဲနိုင်သည့် အရည်အချင်းနှင့် အရည်အသွေးများလည်း ပြည့်စုံနေရန်လိုအပ်သည်။”** ဟု တောင်ကိုရီးယား သမ္မတဟောင်း ပတ်ချုံဟီး (၁၉၆၃-၁၉၇၉) ၏ **“နိုင်ငံတစ်ခုတည်ဆောက်ရေးစာအုပ်”** တွင် ဖော်ပြထားပါသည်။

နိုင်ငံ၏စွမ်းဆောင်ရည် ပြည့်ဝသော လုပ်သားများ ပေါ်ထွက်လာရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ က ဖော်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီက ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပညာရေး အသုံးစရိတ်သည် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၅ ရာခိုင်နှုန်းခန့်နှင့် တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှု၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်းရှိပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၅၁ (ဂ) တွင် မြန်မာနိုင်ငံသားများ အလုပ်အကိုင် ရရှိရေးအတွက် ကျွမ်းကျင်မှု မလိုအပ်သော ကိစ္စရပ်များတွင် မြန်မာနိုင်ငံ သားများကို ခန့်ထားရန် ပါရှိပါသည်။ အလုပ်သမား ကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသော တာဝန်ခံ ဝန်ကြီးဌာနများဖြစ်သော အလုပ်သမား ဝန်ကြီး ဌာနနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ အလုပ်သမားဦးစီး ဌာနနှင့် စက်မှုကြီးကြပ်ရေး ဦးစီးဌာနတို့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ One Stop Service တွင် ရုံးစိုက် ၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်/ကော်မတီ ကွင်းဆင်းအဖွဲ့တွင်လည်း လိုက်ပါ ၍ ကွင်းဆင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက် ရှိသဖြင့် အလုပ်ရှင်များ ကျွမ်းကျင်အလုပ်သမား ရရှိရေး အတွက် ချိတ်ဆက်ဆောင်ရွက်ပါက အလုပ်ရှင်များ၏ ကျွမ်းကျင် အလုပ်သမား လိုအပ်ချက်အား တစ်ဖက် တစ်လမ်းမှ ဖြေရှင်းပေးနိုင်မည်ဟု ထင်မြင်မိပါသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန် တာဝန်ရှိပါသဖြင့် ရင်းနှီးမြှုပ်နှံသူများသည် မိမိ၏လုပ်ငန်းတွင် ခန့်အပ်ရန် လျာထားသော အလုပ်သမားများနှင့် လုပ်ငန်း၌ လက်ရှိ လုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင် ဆိုင်ရာ ကျွမ်းကျင်မှုအဆင့် မြင့်မားစေရန် လေ့ကျင့်ရေး အစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန် ယူမှုဥပဒေ (Corporate Social Responsibitly Law) သီးခြားမရှိသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မ ရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းသည် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု (CSR) အတွက် သတ်မှတ်သည့်လုပ်ငန်းမှ ထွက်ပေါ်သည့် အမြတ်ငွေ၏ အချိုးတစ်ခု (ဥပမာ-အသားတင်အမြတ်ငွေ ၏ ၂%) ကို လုပ်ငန်းနှင့် နီးနွယ်သည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှုလုပ်ငန်းရပ်များ ဆောင်ရွက်ရန် ရည်ရွယ်ကာ သီးသန့်လျာထားဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက် လေ့ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် CSR ဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးနေသည့်အတွက် ရင်းနှီး မြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဘဏ္ဍာငွေ ခွဲဝေလျာထားရာတွင် ရှုပ်ထွေးမှုများ ရှိနေပါသည်။ ယနေ့

အချိန်အခါတွင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီများသည် မြန်မာနိုင်ငံသို့ လာရောက်ရာတွင် CSR ကို စံနှုန်းတစ်ခုအဖြစ် ထည့်သွင်းစဥ်းစားလျက် ပြည်တွင်းရှိ CSR practices ကောင်းမွန်သည့် မိတ်ဖက်ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်လာကြသည်ဖြစ်ရာ CSR ၏ စံနှုန်းနှင့် အလေ့အကျင့်သည် ပြည်တွင်းကုမ္ပဏီများအတွက် အရေးကြီးသည့် လုပ်ဆောင်ချက် တစ်ခုဖြစ်လာပါသည်။ ထိုကဲ့သို့ နိုင်ငံတကာနှင့် ရင်ဘောင်တန်း၍ နိုင်ငံတကာ စံချိန် စံညွှန်းများအတိုင်း လုပ်ကိုင်လာရာတွင် CSR ၏ အခန်းကဏ္ဍသည် ဦးစားပေးအဆင့် ဖြစ်လာသည့်အတွက် မြန်မာနိုင်ငံရှိ နိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်များကို CSR အသိပညာဗဟုသုတများ ပိုမိုဖြန့်ဝေပေးသင့်ပါသည်။



အာဆီယံဒေသတွင်း နိုင်ငံအများစု၏ အလုပ်သမားမူဝါဒကိုကြည့်ပါက ကျွမ်းကျင်လုပ်သားများကို ပိုမိုလိုအပ်လျက်ရှိသည့် စက်မှုနှင့် နည်းပညာကဏ္ဍများတွင် ပိုမိုဦးစားပေးလျက်ရှိပါသည်။အစိုးရအနေဖြင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ဖက်စပ်ဆောင်ရွက်ခြင်းမှတစ်ဆင့် ပြည်ပကျွမ်းကျင်လုပ်သားများထံမှ ကဏ္ဍအသီးသီးတွင် နည်းပညာလွှဲပြောင်း သင်ယူနိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ နိုင်ငံတကာ အလုပ်သမား စံချိန်စံညွှန်းများ လေ့လာနိုင်ရေးအတွက် အမျိုးမျိုးသော ခံစားခွင့်များ ချမှတ်ပေးကာ Business Matching များ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ အနေဖြင့် လုပ်သားအခြေပြု မူဝါဒမှတစ်ဆင့် ကျွမ်းကျင်လုပ်သားအခြေပြု မူဝါဒဆီ မတက်လှမ်းမီ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းကာ အသက်မွေးသင်တန်းကျောင်းကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး အထူးဦးစားပေး ဆောင်ရွက်သင့်ပါသည်။ ထိုသင်တန်းကျောင်းများမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ အဖြစ် အသင့်အနေအထား ဖြစ်နေသောသူများကို ကျွမ်းကျင်လုပ်သားများ လိုအပ်နေသော နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများတွင် အလုပ်အကိုင် ချိတ်ဆက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို လျှော့နည်းအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက်များကို သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ လိုက်ပါအကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အနေဖြင့်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) ၏ ရည်ရွယ်ချက် တစ်ခုဖြစ်သော ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကော်မတီတို့မှ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာနှင့် အတည်ပြုလွှာများအား စိစစ်ခွင့်ပြုရာတွင် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုကို ထည့်သွင်းစိစစ် ခွင့်ပြုလျက်ရှိပါသည်။ လူ့စွမ်းအား အရင်းအမြစ်များ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကျွမ်းကျင်မှု အခြေပြုပညာရေး ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားရမည် ဖြစ်ပါသည်။ အစိုးရ-ပုဂ္ဂလိက လုပ်သား ကျွမ်းကျင်သင်တန်းများ ပေါ်ပေါက်လာစေရန်အကောင်အထည်ဖော်ခြင်းနှင့် အလုပ်ရှင်နှင့် အလုပ်သမား ချိတ်ဆက် ဆောင်ရွက်ပေးခြင်းများ ဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ဇင်မာ(DICA)
ဒေါ်ဇင်မာမြင့်
ဒုတိယညွှန်ကြားရေးမှူး
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

## ကုမ္ပဏီအဖွဲ့အစည်းများအပေါ် ကြပ်မတ်ထိန်းကျောင်း ခြင်းဆိုင်ရာ အစီအမံများ

ကုမ္ပဏီ/စီးပွားရေး အဖွဲ့အစည်းများ၏ စီးပွားရေး လုပ်ငန်းများကို တရားဝင်လုပ်ဆောင်ရန်နှင့် ကုမ္ပဏီ အဖွဲ့အစည်းများ လိုက်နာရန်အတွက် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ စံနှုန်းများနှင့် မူဝါဒများချမှတ် ဆောင်ရွက် ၍ အစိုးရအနေဖြင့် အစီအမံများ ချမှတ်လေ့ရှိပါသည်။ ကုမ္ပဏီတစ်ခုသည် စီးပွားရေးလုပ်ငန်းများက အမြတ် အစွန်းရရှိရန် လူပုဂ္ဂိုလ်တစ်ဦး (သို့) လူပုဂ္ဂိုလ်တစ်စုက တရားဝင် ဖွဲ့စည်းမှတ်ပုံတင်ထားသော တရားဝင် အဖွဲ့ အစည်းတစ်ခု ဖြစ်ပါသည်။ တရားဝင်အဖွဲ့ အစည်းများ အဖြစ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများသည် နိုင်ငံတော် အတွင်း၌ လည်းကောင်း နိုင်ငံတော်ပြင်ပ၌ လည်းကောင်း စီးပွားရေးလုပ်ငန်းများအား တရားဝင်လုပ်ကိုင်ဆောင်ရွက် နိုင်ခွင့် အပြည့်အဝ ရှိပါသည်။ ၎င်းအပြင် ကုမ္ပဏီတစ်ခု သည် တရားဝင် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေ သည့်အတွက် ကုမ္ပဏီတစ်ခုအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းမပြုသရွေ့ ၎င်း၏ အခွင့်အရေးများ၊ အခွင့် အာဏာများနှင့် အကျိုးခံစားခွင့်များ ဆက်လက်တည်ရှိ နေမည် ဖြစ်ပါသည်။




ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်း မှတ်ပုံတင်ပြုလာသည့် ကုမ္ပဏီများအား ကုမ္ပဏီ အမျိုး အစားအလိုက် အသစ်ဖွဲ့စည်း မှတ်ပုံတင်ချိန်တွင် (Pre Establishment) ကြပ်မတ်သည့် အခြေအနေများနှင့် ဥပဒေအရလိုက်နာ ဆောင်ရွက်ရမည့် အကြောင်းအရာ များအား ရေးသား ဖော်ပြသွားမည်ဖြစ်ပါသည်။

## ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ကြခြင်း (Incorporation) နှင့် မှတ်ပုံတင်ကြခြင်း(Registration) ဆောင်ရွက်ရသည့် အကြောင်းအရင်းများ

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ အခန်း(၂) အရ အစု ရှယ်ယာဖြင့် ကန့်သတ်ထားသောကုမ္ပဏီ၊ ခံဝန်ချက်အား ဖြင့် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီနှင့် တာဝန် ကန့်သတ်မထားသော ကုမ္ပဏီတို့အား ဖွဲ့စည်းတည်ထောင် ၍ (Incorporation) မှတ်ပုံတင်နိုင် (Registration) ပါ သည်။ အစုရှယ်ယာဖြင့် ကန့်သတ်ထားသော ကုမ္ပဏီ တစ်ခုတွင် အများနှင့် မသက်ဆိုင်သောကုမ္ပဏီနှင့် အများ နှင့် သက်ဆိုင်သည့်ကုမ္ပဏီဆိုပြီး ထပ်မံခွဲခြားထားပါသည်။ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီ အမျိုးအစားတွင်လည်း ရှယ်ယာ မတည်ငွေရင်းဖြင့် ကန့်သတ်ထားသော ကုမ္ပဏီနှင့် ရှယ်ယာမတည်ငွေရင်း မရှိဘဲ ကန့်သတ်ထားသော ကုမ္ပဏီဆိုပြီး ထပ်မံခွဲခြား ထားပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သော်လည်းကောင်း အခြားသက်ဆိုင်ရာ တည်ဆဲဥပဒေအရသော်လည်းကောင်း မှတ်ပုံတင်ရမည့် (Registration) အခြားကော်ပိုရေးရှင်း များအားလည်း မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအခန်း (၉) တွင် ဖော်ပြပြဋ္ဌာန်းထားသည်။ ပြည်ပကော်ပိုရေးရှင်းများ သည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံ၏ ကုမ္ပဏီဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ လာရောက်မှတ်ပုံတင် ထားကြ သည့် ကော်ပိုရေးရှင်းများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် ကုမ္ပဏီများ အသစ်မှတ်ပုံတင်ကြသည့် အကြောင်းရင်းများ မှာ ဥပဒေမှ ပေးအပ်သည့် လူသားတစ်ဦး ကဲ့သို့သော ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ရရှိလိုခြင်း အပြင် တစ်ဖက်ပါ အကြောင်းရင်းများကြောင့်လည်း ပါဝင်နိုင် ပါသည် -






(က) အစိုးရဌာန/အဖွဲ့အစည်းများမှ လုပ်ငန်း အပ်နှံမှု (တင်ဒါ) များကို ဖိတ်ခေါ် ဆောင်ရွက်ရာတွင် လူပုဂ္ဂိုလ် အမည်ဖြင့် လက်ခံဆောင်ရွက်ခြင်း မရှိဘဲ ကုမ္ပဏီအမည်ဖြင့်သာ လုပ်ငန်းများ အပ်နှံခြင်း၊

(ခ) ဌာနဆိုင်ရာများမှ လုပ်ငန်းလိုင်စင်/ ခွင့်ပြုမိန့်များ ထုတ်ပေးရာတွင် ကုမ္ပဏီများကိုသာ လိုင်စင်ချ ပေးရန် သတ်မှတ်ထားခြင်း။ (ဥပမာ- ယခု လတ်တလောတွင် ပညာရေးဝန်ကြီး ဌာန၏ စည်းမျဉ်းစည်းကမ်းများအရ ကိုယ်ပိုင်ကျောင်းများအား ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီး ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ လိုင်စင် သက်တမ်းပေးခြင်း)၊



(ဂ) အစိုးရအဖွဲ့အစည်းများမှ မူဝါဒဆိုင်ရာ ညွှန်ကြားချက်များ (ဥပမာ- ၂၀၂၂ ခုနှစ်တွင် အကောက်ခွန် အေဂျင်စီအဖွဲ့များ အားလုံးကုမ္ပဏီအဖြစ် မှတ်ပုံတင်ရမည့် ညွှန်ကြားချက်)၊

(ဃ) ဘဏ်ချေးငွေ၊ အသေးစား အလတ်စား လုပ်ငန်းများ (SME) ချေးငွေ စသည်ဖြင့် အခြားသော စီးပွားရေး လိုအပ်ချက်ကို ရရှိရန်အတွက် ကုမ္ပဏီအဖြစ်ရပ်တည်ရန် လိုအပ်ချက်များ။




အီလက်ထရောနစ် မှတ်ပုံတင်စနစ် စတင်မိတ်ဆက်မီကာလတွင် ကုမ္ပဏီအရေအတွက်သည်လေးသောင်းကျော်ရှိခဲ့ရာ ယခုအခါ၌ အထက်တွင် ဖော်ပြထားသော အကြောင်းများကြောင့်လည်းကောင်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ပိုမိုလွယ်ကူခြင်းကြောင့်လည်းကောင်း ကုမ္ပဏီများ အသစ် ဖွဲ့စည်းကြသည့်အတွက် မှတ်ပုံတင် ကုမ္ပဏီအရေအတွက်သည် တစ်သိန်းကျော်သည်အထိ ပိုမိုများပြားလာခဲ့ပါသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင် အရာရှိအနေဖြင့် ဆောင်ရွက်ပြီး ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရန် တင်ပြလာလျှင် ကုမ္ပဏီ အမျိုးအစားအလိုက် ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးလျက်ရှိပါသည်။ ကုမ္ပဏီ အမျိုးအစားများ အနက် ထူးခြားသည့် ဝိသေသလက္ခဏာများ ရှိသည့် ကုမ္ပဏီအမျိုးအစားများအား ထုတ်နုတ် တင်ပြမည်ဖြစ်ပါသည်။

**အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့်ထိန်းကျောင်းမှုများ**

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိသားစု (သို့မဟုတ်) မိတ်ဆွေအချင်းချင်း လူနည်းစု ပါဝင်သည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီများကို အများဆုံး

ဖွဲ့စည်းမှတ်ပုံတင်ထားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် စီးပွားရေး လုပ်ငန်းတစ်ခုကို ရည်မှန်းချက်ကြီးကြီးဖြင့် လုပ်ကိုင်လိုခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းပြီး စီးပွားရေး လုပ်ကိုင်လိုသည့် အခြေအနေများတွင် မိသားစု မိတ်ဆွေများ၏ အစုရှယ်ယာများ ထည့်ဝင်မှုနှင့် မလုံလောက်တော့သည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။ ထို့အချိန်တွင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ပြီး အများပြည်သူသို့ အစုရှယ်ယာများ ဖိတ်ခေါ်ကာ လိုအပ်သည့် အရင်းအနှီးများကို စုဆောင်း၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာကြပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသည် အောက်ပါတို့ကို အခြေခံအချက်များကို လိုက်နာဆောင် ရွက်ရမည်ဖြစ်ပါသည်-

(က) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ တင်ပြရခြင်း၊

(ခ) အလားအလာ ညွှန်းတမ်း (Prospectus) သို့မဟုတ် အလားအလာ ညွှန်းတမ်းအစား ရေးသားဖော်ပြချက် (Statement in Lieu of Prospectus) တင်ပြရခြင်း၊

(ဂ) စီးပွားရေး လုပ်ငန်းများ စတင်လုပ်ကိုင်ဆောင်ရွက်ခြင်း။

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများသည် စတော့ရှယ်ယာများကို အများပြည်သူများသို့ ကမ်းလှမ်းရောင်းချကြရာတွင် ရင်းနှီးမြှုပ်နှံသူ အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ကုမ္ပဏီဥပဒေသာမက အခြားသော ထိန်းကျောင်းမှု ဥပဒေများနှင့်လည်း ထိန်းကျောင်းရန် လိုအပ်လာသဖြင့် Stock Exchange များ ထူထောင်ပြီး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများကို ထိန်းကျောင်းရန် လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း Stock Exchange ပေါ်တွင် ရှယ်ယာအရောင်းအဝယ် ပြုလုပ်မည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် စာရင်းဝင်ကုမ္ပဏီ (Listed Company) ဖြစ်ရန် ကုမ္ပဏီဥပဒေအပြင် သီးသန့်လိုအပ်ချက်များ (Listing Criteria) အဖြစ် (ဥပမာ- အလားအလာ ညွှန်းတမ်းရေးဆွဲ ရန်၊ သီးခြားလွတ်လပ်သော ဒါရိုက်တာ ၁ ဦး ခန့်ထားရန်၊ ဒါရိုက်တာအဖွဲ့ကို ကော်မတီတစ်ရပ်ရပ်ဖြင့် သီးခြားဖွဲ့စည်းရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ ရင်းနှီးမြှုပ်နှံသူတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်) စသည်တို့ကိုလည်း လိုက်နာရန် သတ်မှတ်ချက်များဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအား ထိန်းကျောင်းလျက်ရှိပါသည်။

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအပေါ် ကြီးကြပ်ကွပ်ကဲခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ဥပဒေမူဘောင်များကိုလည်းချမှတ်ဆောင်ရွက်ခဲ့သည်ကိုတွေ့မြင်နိုင်မည်ဖြစ်ပါသည်-

(က) ဒါရိုက်တာများနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခကြေး ငွေနှင့်အခြား အကျိုးခံစားခွင့်များအတွက် အတည်ပြုခြင်းနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်၊

(ခ) သီးခြားလွတ်လပ်သော ဒါရိုက်တာနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၊ ရန်ကုန် စတော့အိတ်ချိန်း၊ OECD နှင့် IFC တို့ ပူးပေါင်းပြုစုခဲ့၍ အမိန့်ကြော်ငြာစာအမှတ် အဖြစ် ထုတ်ပြန်ခဲ့သည့် **"ထိရောက်မှုရှိသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဖြစ်ပေါ်စေခြင်းနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာ"**။




**ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ထိန်းကျောင်းမှုများ**

ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ (Company Limited by Guarantee) အမျိုးအစား၏ အခြားကုမ္ပဏီများနှင့် မတူညီ သည့် ဝိသေသလက္ခဏာမှာ အစုရှယ်ယာများ (မဖြစ်မနေ) ထည့်ဝင်ရန် မလိုအပ်ခြင်းဖြစ်ပါသည်။ အစုရှယ်ယာထည့်ဝင်ခြင်းအစား ကုမ္ပဏီ

တွင် ပါဝင်သူများအနေဖြင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းတွင် ခံဝန်ချက်တစ်ခုကို ပေးအပ်ရမည်ဖြစ်ပြီး ၎င်းကုမ္ပဏီ ဖျက်သိမ်းသည့်အခါ အဆိုပါ ခံဝန်ချက်နှင့်အညီ ပေးလျော်ရန် တာဝန်ယူကြရခြင်း ဖြစ်ပါသည်။ ၎င်းကုမ္ပဏီ အမျိုးအစားကို ကြီးမားသော အမြတ်အစွန်း (သို့) ဆုံးရှုံးပေးလျော်ရမှုကို မမျှော်မှန်းသည့် လုပ်ငန်းများ (ဥပမာ- Charities, Educational Institutions, Residents Associations နှင့် Sports Club စသည်ဖြင့်) တို့က အဓိကရွေးချယ် အသုံးပြုကြခြင်း ဖြစ်ပါသည်။ အမြတ်အစွန်း (သို့) ဆုံးရှုံးပေးလျော်ရမှု တာဝန်နည်းပါးသည်နှင့်အညီ ကြပ်မတ်ရန် လိုအပ်မှုလည်း လျော့ပါးစေပါသည်။




**စီးပွားရေးအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ထိန်းကျောင်းမှုများ**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၂ (က) တွင် “တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခု အဖြစ် တည်ထောင်နိုင်သော အသင်းအဖွဲ့ တစ်ခုသည် စီးပွားရေး လုပ်ငန်းများကို အထောက်အကူပြုရန် သို့မဟုတ် အခြားသော စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်” ရည်ရွယ်ချက်အတွက် တည်ထောင်ခဲ့ကြောင်း သို့မဟုတ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏အကျိုးအမြတ်(ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ ရည်ရွယ်ချက်များကို မြှင့်တင်ဆောင်ရွက်ရာမှ ရရှိသော အခြားဝင်ငွေများကို အသုံးပြုကြောင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ် တစ်စုံတစ်ရာ ခွဲဝေပေးခြင်းကို တားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိမှ ကျေနပ်လက်ခံစေရန် တင်ပြနိုင်လျှင် ယင်း၏အမည်တွင် “တရားဝင် တည်ထောင်ထားသော” ဟူသည့် စကားရပ် ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါ အသင်းအား မှတ်ပုံတင်ခွင့်ပြုနိုင်သည်။” ဟု ပြဋ္ဌာန်းထားချက်အရ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များအား “ခံဝန်ချက်အားဖြင့် တာဝန် ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်သည့် အသင်းအဖွဲ့များ” အဖြစ် MyCO တွင် မှတ်ပုံတင်ဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးအသင်းအဖွဲ့များသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ဝိသေသထူးခြားသော အဖွဲ့အစည်းများ ဖြစ်သည့်အတွက် ၎င်းတို့အတွက် သီးသန့်လိုက်နာရန် ဖြစ်သည့် အချက်များအား အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၈)ဖြင့် ထုတ်ပြန်၍ ထိန်းကျောင်းလျက်ရှိပါသည်။

ထို့အပြင် စီးပွားရေး အသင်းများဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ တင်ပြလာပါက အတည်ပြုမှတ်ပုံတင် ဆောင်ရွက်ခြင်း များမပြုမီ တင်ပြသော အသင်း၏ ရည်ရွယ်ချက်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံခြင်းနှင့် မိမိဝန်ကြီးဌာန၏ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ကိစ္စများ ဆက်လက် ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းကိုလည်း ချမှတ်ထားရှိပါသည်။

စီးပွားရေး အသင်းများအဖွဲ့များသည် စီးပွားရေးဝန်းကျင်တွင် ၎င်းတို့၏ ဩဇာတည်ဆောက်ရာတွင်လည်း အခြားသာမန် ကုမ္ပဏီများနှင့် မတူညီသည့်အခြေအနေနည်းလမ်း တစ်မျိုးမျိုးဖြင့်သက်ရောက်နိုင်ချေရှိနိုင်ပါသည်။ စီးပွားရေး အသင်းအဖွဲ့များ ဖွဲ့စည်း၍ စီးပွားရေးဝန်းကျင်တွင် ဩဇာ တည်ဆောင်ကြသည့် နမူနာများအနေဖြင့် အောက်ပါ အတိုင်း တွေ့မြင်ရပါသည် -

(က) မိမိနှင့်လုပ်ငန်းတူ ကုမ္ပဏီများစုဖွဲ့၍ အသင်း (ဥပမာ - ဆန်ရောင်းဝယ်ရေးအသင်း) တည်ထောင်ပြီး ဈေးကွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ခ) မိမိ၏ အသင်းတွင် ပါဝင်လာခြင်း မရှိသော လုပ်ငန်းတူ ကုမ္ပဏီများအား အခြား အသင်း တစ်ခု တည်ထောင်ခြင်း မပြုနိုင်ရန် ကြိုးပမ်းခြင်း (ဥပမာ- အမည်ဆင်သော၊ ရည်ရွယ်ချက် ဆင်သော အသင်းသစ်ကို ကန့်ကွက်ခြင်း)၊

(ဂ) ဈေးကွက်ဈေးနှုန်းအား ထိန်းချုပ်ရန် ကြိုးစားခြင်း (ဥပမာ- အသင်းတွင် မပါဝင်သော ကုမ္ပဏီ တစ်ခုမှ စိတ်ရင်းအရ ဈေးနှုန်းလျှော့ ရောင်းသော် လည်း အများစုပါဝင်သော အသင်းမှ အမြင့်ဈေး ဖြင့်သာ ရောင်းချနိုင်ရန် ဆောင်ရွက်ခြင်း)။



စီးပွားရေးဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သောအသင်းအဖွဲ့ အချို့တို့သည် စီးပွားရေးဝန်းကျင်တွင် မိမိအသာရရေးကိုသာ ဦးတည်သော အခြေအနေတစ်ရပ်အား ဖြစ်ပေါ်စေခဲ့သည့် အခြေအနေများ ဖြစ်ပေါ် စေနိုင်ပါသည်။ သို့ဖြစ်သောကြောင့် စီးပွားရေးအသင်းအဖွဲ့တစ်ခု မှတ်ပုံတင်ခွင့်ပြုရန် တင်ပြလာပါက ယင်း၏တည်ထောင်လိုသော ရည်ရွယ်ချက်နှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံခြင်းနှင့် ဝန်ကြီး ဌာန၏ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူခြင်းတို့ ဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ကိစ္စများ ဆက်လက် ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းကိုလည်း ချမှတ်ထားရှိခြင်း ဖြစ်ပါသည်။

### ပြည်ပကော်ပိုရေးရှင်းများ မှတ်ပုံတင်ခြင်းနှင့် ထိန်းကျောင်းမှုများ

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ပြည်ပကော်ပိုရေးရှင်းများ၏ သဘောသဘာဝသည် အစုရှယ်ယာပိုင်ဆိုင်မှုများဖြင့် ဖွဲ့စည်းတည်ထောင်ခြင်း မဟုတ်ဘဲ နိုင်ငံတော်၏ ပြင်ပရှိ အခြားနိုင်ငံ တစ်ခုခု၏ သက်ဆိုင်ရာ ကုမ္ပဏီဥပဒေများအရ ဖွဲ့စည်းတည်ထောင် ထားကြသော ကုမ္ပဏီ/ အဖွဲ့အစည်း တစ်ခုခုမှ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ လာရောက်၍ မှတ်ပုံတင်ထားသော ကော်ပိုရေးရှင်းများ ဖြစ်ကြပါသည်။

ပြည်ပကော်ပိုရေးရှင်းတို့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ရေးဆွဲထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို အသုံးပြု၍ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၆ အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီများနှင့် မတူညီပါ။ ပြည်ပကော်ပိုရေးရှင်းများသည် ၎င်းတို့၏ မိခင်ကုမ္ပဏီ အခြေစိုက်သည့် နိုင်ငံ၏သက်ဆိုင်ရာ ကုမ္ပဏီဥပဒေ တစ်ရပ်ရပ်အရ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခုခုကို အသုံးပြု၍ ဖွဲ့စည်းထားလျက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းသာ ဖြစ်ပါသည်။


ပြည်ပကော်ပိုရေးရှင်း တစ်ခုသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုအားရပ်စဲပြီး မှတ်ပုံတင်အရာရှိထံ အကြောင်းကြားချက် တစ်ရပ်ကို တင်ပြရမည် ဖြစ်ပါသည်။ အခြား သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ပကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ခြင်း ရှိကြောင်း မှတ်ပုံတင် အရာရှိက ယုံကြည်သည့်အခါ မှတ်ပုံတင်စာရင်းမှ ပြည်ပကော်ပိုရေးရှင်း၏ အမည်ကို မှတ်ပုံတင်အရာရှိမှ ပယ်ဖျက်ရမည် ဖြစ်ပါသည်။




မြန်မာနိုင်ငံကုမ္ပဏီဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင် ပြုလာသည့် ကုမ္ပဏီများအား ကုမ္ပဏီအမျိုးအစား အလိုက် (Pre Establishment) အသစ်ဖွဲ့စည်း မှတ်ပုံတင်ချိန်တွင် ဥပဒေအရလိုက်နာ ဆောင်ရွက်ရမည့် အကြောင်းအရာများအား လိုက်နာမှု ရှိမရှိ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီ အမျိုးအစားအလိုက် ကြီးကြပ်ဆောင်ရွက်ရာတွင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ အား SECM နှင့် YSE တို့နှင့် ပူးပေါင်းပြီးလိုက်နာရမည့် အချက်အလက်များကို ဥပဒေအရ တရားဝင် ကြီးကြပ် ဆောင်ရွက်ထားရှိပါသည်။ ထို့အတူ စီးပွားရေး အသင်းအဖွဲ့များ ကြီးကြပ်ဆောင်ရွက်ရာတွင် အုပ်စုဖွဲ့၍ ဈေးကွက် လက်ဝါးကြီးအုပ်ခြင်းမှ ကာကွယ်နိုင်ရန် နှင့် ယှဉ်ပြိုင်မှုများ တိုးတက်စေရန်အတွက် **“ယှဉ်ပြိုင်မှု ကော်မတီ”** သို့ သဘောထားမှတ်ချက်များ တောင်းခံခြင်းဖြင့် လည်းကောင်း၊ ယှဉ်ပြိုင်မှုကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည့် အစီအမံများ ချမှတ်၍လည်းကောင်း ဆောင်ရွက်သင့်ပါသည်။

ပြည်ပကော်ပိုရေးရှင်းများအဖြစ် မှတ်ပုံတင်ရန် တင်ပြလာသည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံ နှင့် ရေရှည်ကတိကဝတ်ပြု၍ ဆောင်ရွက်နေကြသော အဖွဲ့အစည်းများစွာလည်း ပါဝင်နေကြသည်ကို တွေ့ရှိရပါသည်။ ထို့အဖွဲ့အစည်းများသည် အခွန်ထမ်းဆောင်ရန်အတွက် အခွန်ထမ်း မှတ်ပုံတင်အမှတ် ရရှိစေရန် လာရောက်

မှတ်ပုံတင်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံနှင့် ရေရှည်ကတိကဝတ် တည်မြဲစေရန်နှင့် ဥပဒေနှင့်အညီ မှတ်ပုံတင်စေရန် အတွက် ၎င်းကုမ္ပဏီများအား ပြည်ပကော်ပိုရေးရှင်းအဖြစ် မှတ်ပုံတင်ခြင်းမပြုစေဘဲ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအဖြစ် မှတ်ပုံတင်လျှင် ပိုပြီးသင့်တော်နိုင်ခြင်း ရှိ မရှိ ချင့်ချိန်ဆောင်ရွက်သင့်ပါသည်။



ထို့အတူ ပြည်ပကော်ပိုရေးရှင်းများကို ကြပ်မတ်ဆောင်ရွက်ရာတွင်လည်း မှတ်ပုံတင်ဌာန အနေဖြင့် ၎င်းပြည်ပကော်ပိုရေးရှင်း၏ မိခင်ကုမ္ပဏီ အခြေစိုက်ရာ နိုင်ငံ၏ ကုမ္ပဏီဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များကို သိရှိနားလည်ရန် အလွန်အရေးကြီးပါသည်။ လိုအပ်သောအခြေအနေများတွင် မိခင်ကုမ္ပဏီ အခြေစိုက်ရာ နိုင်ငံ၏ ကုမ္ပဏီဆိုင်ရာ ဥပဒေနှင့် ချိတ်ဆက် ဆောင်ရွက်၍ ကြပ်မတ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရမည့် အခြေအနေများကိုလည်း ထည့်သွင်း စဉ်းစားရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

(ယခု ရေးသားတင်ပြသည့် အကြောင်းအရာများသည် အသစ်ဖွဲ့စည်း မှတ်ပုံတင်ချိန်တွင် (Pre-Establishment) ကြပ်မတ်သည့် အခြေအနေများနှင့် သုံးသပ်ချက်များ ဖြစ်ပါသည်။ ကုမ္ပဏီများ ဖွဲ့စည်း မှတ်ပုံတင်ပြီးချိန် (Post Establishment) တွင် ကြပ်မတ်သည့် အခြေအနေများ၊ ကုမ္ပဏီများနှင့် ဒါရိုက်တာများက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ လိုက်နာရန် လိုအပ်ချက်များနှင့် အခြားနိုင်ငံများတွင် ကုမ္ပဏီ/ အဖွဲ့အစည်းများအား ကြပ်မတ်သည့် အခြေအနေများအား နောင်အလျဉ်းသင့်သည့် သတင်းလွှာ အပတ်စဉ်တွင် ဆက်လက်၍ တင်ဆက်သွားမည် ဖြစ်ပါသည်။)

**Du An**

## အိန္ဒိယနိုင်ငံ၏ ပဲစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေအကြောင်း တစေ့တစောင်း

ယခုနှစ်များအတွင်း အိန္ဒိယနိုင်ငံ ပြည်တွင်း၌ ပဲထုတ်လုပ်မှု ကျဆင်းလာပြီး ပဲစင်းငုံနှင့် မတ်ပဲ ဝယ်လိုအား မြင့်တက်ခဲ့သည်။ပဲမျိုးစုံတင်သွင်းမှုသည် ယခင်ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၀၈,၆၁၉ ရှိရာမှ လက်ရှိဘဏ္ဍာနှစ်၏ ပထမနှစ်လအတွင်း တန်ချိန် ၃၇၁,၃၃၄ထိ ၂၀%မြင့်တက်ခဲ့ကြောင်း အကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အိန္ဒိယ၏ မတ်ပဲအထွက်နှုန်းသည် ၂၀၂၂-၂၀၂၃ (ဇွန်-ဇူလိုင်)သီးနှံရာသီ၏ထွက်ရှိနှုန်း တန်ချိန် ၂.၆ သန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် တန်ချိန် ၁.၈ မက်ထရစ်တန် ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ပဲစင်းငုံအထွက်နှုန်းသည် ယခင်သီးနှံရာသီထွက်ရှိနှုန်း တန်ချိန် ၃.၃ မက်ထရစ်တန်နှင့် တူညီမည်ဟု ခန့်မှန်းထားသော်လည်း ပြည်တွင်းစားသုံးမှုသည် တန်ချိန် ၄ မက်ထရစ်တန်ဝန်းကျင် လျော့နည်းသွားခဲ့သောကြောင့် ထွက်ရှိမှုသည် တန်ချိန် ၂.၇ မက် ထရစ်တန်မှ ၂.၈၅ မက်ထရစ်တန်ထိသာ ရှိမည်ဟု မျှော်လင့်ထားသည်ကို သိရှိရသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ရာသီချိန် မဟုတ်သည့် မိုးရွာသွန်းမှုနှင့် အယ်လ်နီညို ဖြစ်စဉ်ကြောင့်ပဲ အဓိက စိုက်ပျိုးသော ပြည်နယ်များတွင် ခြောက်သွေ့မှုကာလကြာမြင့်ခဲ့သည့်အတွက် ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တို့တွင် သီးနှံထွက်ရှိမှု ၂ နှစ်ဆက်တိုက် ကျဆင်းခဲ့ပါသည်။

၁၂-၆-၂၀၂၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ပဲစင်းငုံ တစ်ကီလိုလျှင် ရူပီး ၁၆၀.၃ ဖြင့် လက်လီ ဈေးကွက်တွင် ရောင်းချခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပျမ်းမျှဈေးနှုန်း ၂၇.၃ % မြင့်တက်ခဲ့ပြီး အိန္ဒိယ၏ မတ်ပဲ ပျမ်းမျှလက်လီဈေးသည် တစ်ကီလိုလျှင် ရူပီး ၁၂၆.၄ ဖြစ်ပြီး တစ်နှစ်ထက် တစ်နှစ် ၁၃.၅ % မြင့်တက်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ပဲစင်းငုံတင်သွင်းမှုသည်ယခင်နှစ်တန်ချိန်၁၂၂,၃၀၇တန်



ရှိခဲ့သော်လည်း ယခုနှစ် ဧပြီလမှ မေလအတွင်း တန်ချိန် ၁၂၃,၇၅၀ အထိ မြင့်တက်ခဲ့သည်။ အလားတူ မတ်ပဲ တင်သွင်းမှုမှာ ယခင်နှစ် တန်ချိန် ၅၇,၈၆၅ တန်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် ၁၃၃,၁၂၀ တန်ရှိခဲ့သည်။ သို့သော်လည်း ပဲနီလေးတင်သွင်းမှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁.၂ မက်ထရစ်တန် တင်သွင်းခဲ့ပြီးနောက် စုစုပေါင်းတန်ချိန် ၁၂၈,၄၄၆ တန် ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ မေလတွင် တန်ချိန် ၁၁၄,၄၆၄ သို့ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၂၀၂၂-၂၀၂၃



ဘဏ္ဍာနှစ်တွင် တန်ချိန် ၂.၅၃ မက်ထရစ်တန်ရှိခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၄.၆၅ မက်ထရစ်တန် အထိရှိကာ တစ်နှစ် ထက်တစ်နှစ် ၈၄ % ပိုများလာပြီး ၆ နှစ်တာ ကာလအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ တန်ဖိုးအရဆိုလျှင် ယခုနှစ်တွင် ပဲတင်သွင်းမှုသည် ဒေါ်လာ ၃.၇၅ ဘီလီယံဖြင့် ၉၃ % မြင့်တက်ခဲ့သည်။

ရာသီဥတုပြဿနာများကြောင့် ထုတ်လုပ်မှု ကျဆင်းမှုနှင့် ရွေးကောက်ပွဲမတိုင်မီ ဈေးနှုန်းများကျ ဆင်းစေရန် အစိုးရ၏ တင်သွင်းခွန်များ ဖြတ်တောက်ရေး ဆုံးဖြတ်ချက်ကြောင့် တင်သွင်းမှုများ မြင့်တက်လာခဲ့ကြောင်း စက်မှုလုပ်ငန်းကျွမ်းကျင်သူများထံမှ သိရသည်။

ပရိုတင်းဓာတ်ကြွယ်ဝသော ပဲမျိုးစုံကို ကမ္ဘာ့အကြီးဆုံးဝယ်သူနှင့် ထုတ်လုပ်သူဖြစ်သည့် အိန္ဒိယ၏ တင်သွင်းမှုမြင့်မားလာခြင်းသည် ကမ္ဘာ့ဈေးနှုန်းများကို ပံ့ပိုးပေးပြီး ကနေဒါ၊ ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့ကဲ့သို့ တင်ပို့သည့် နိုင်ငံများတွင် ကုန်ပစ္စည်းသိုလှောင်ရမှုများလျော့ကျစေရန် ကူညီပေးလျက်ရှိသည်။

အိန္ဒိယသည် ပြီးခဲ့သောဒီဇင်ဘာလတွင် ပဲဝါတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ သုံးကြိမ်သက်တမ်း တိုးခဲ့သည်။

ပြည်တွင်းဝယ်လိုအားအနေဖြင့် တန်ချိန် ၂၈ မက်ထရစ်တန်ခန့်ရှိပြီး ပြည်ပမှ ပဲတင်သွင်းမှု အပေါ် မှီခိုနေသည့် အိန္ဒိယနိုင်ငံသည် ဩစတြေးလျ၊ ကနေဒါ၊ ရုရှား၊ မြန်မာ၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ ဆူဒန်နှင့် မာလာဝီနိုင်ငံတို့မှ ပဲ၊ ပဲစဉ်းငုံ၊ ပဲနီလေးတို့ကို အဓိကဝယ်ယူလျက် ရှိပါသည်။ ၂၀၁၁ခုနှစ်မှစ၍ တိုးတက်မှု အချို့ရှိသော်လည်း ပဲမျိုးစုံ ဝယ်လိုအားနှင့် ရောင်းလိုအားကြား ကွာဟမှုသည် ကျယ်ပြန့်လာပြီး လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း နှစ်စဉ်ပဲမျိုးစုံ တန်ချိန် ၂.၅ မက်ထရစ်တန်မှ ၃ မက်ထရစ်တန်အထိ တင်သွင်းရန် လိုအပ်လာသည်။

ကုန်သိုလှောင်ပမာဏ ထုတ်ဖော်ကြေညာစေခြင်းနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ သိုလှောင်နိုင်သည့် ပမာဏ ကန့်သတ်ခြင်းအပါအဝင် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို အစိုးရအား တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်းကြောင့် ပဲမျိုးစုံ အထူးသဖြင့်ပဲစင်းငုံ အထွက်နှုန်း ကျဆင်းခဲ့သော် ပြီးခဲ့သည့် သီးနှံရာသီတစ်လျှောက် ဈေးနှုန်းများ တည်ငြိမ်နေခဲ့သည်။



## တရုတ်နှင့် ရုရှားတို့ ကုန်သွယ်မှုအား ၂၀၂၄ ခုနှစ်တွင် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် စီစဉ်ထားရှိ

တရုတ်နှင့် ရုရှားတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏကို အမြင့်ဆုံးသို့ရောက်ရှိရန် မျှော်မှန်းထားကြသဖြင့် ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမို တိုးတက်ကောင်းမွန်လာနိုင်သည်ဟု အကြီးတန်းစီးပွားရေး အကြီးအကဲတစ်ဦးက Global Times ကို ပြောကြားခဲ့ကြောင်း ၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် Global Times တွင် ရေးသားဖော်ပြထားပါသည်။

တရုတ်-ရုရှား ကုန်သွယ်ဖက်နှစ်နိုင်ငံသည် ယမန်နှစ်က ကြိုတင်ရည်မှန်းထားသည့် ကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ ရောက်ရှိခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏ ခိုင်မာအားကောင်း တိုးတက်မှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့စေရန် ရည်မှန်းထားသောကြောင့် ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်း ဖြစ်ကြောင်း ရေးသားထားပါသည်။ **"လောင်စာနှင့် သဘာဝထွက်ကုန်များကဲ့သို့ သမရိုးကျကုန်သွယ်ခြင်းအပြင် စိုက်ပျိုးရေးနှင့် ပြုပြင်ထုတ်လုပ်ထားသည့် စားသောက်ကုန် ကဏ္ဍများတွင် ရုရှားတင်ပို့မှုမှာ အလားအလာကောင်းများ ရှိနေပြီး အဆိုပါကဏ္ဍများ၌ ရုရှားတွင် အားသာချက်များရှိကြောင်း၊ အဆိုပါပို့ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရန် မျှော်လင့်ပါကြောင်း"** စိန့်ပီတာစပတ်ရှိ ရုရှားနိုင်ငံ၏ ရုရှား-တရုတ် ညွှန်ကြားရေးမှူးချုပ် Mr.Chen Zhigang က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၄၀.၁ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုတွင် တစ်နှစ်ထက်တစ်နှစ် ၂၆.၃ % တိုးလာကာ လျာထားချက်ထက် ဒေါ်လာ ၂၀၀ ဘီလီယံအထိ တိုးတက်ဆောင်ရွက်ရန် မျှော်မှန်းထားပြီး တရုတ်နှင့် ရုရှားအကြား အကျိုးရှိသောပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများရှိကြောင်း ရေးသားဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ် ပထမလေးလတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးတက်နှုန်းသည် ၄.၇ % အထိ ကျဆင်းသွားသော်လည်း တရုတ်-ရုရှား ကုန်သွယ်မှုအတွက် ကြီးမားသောအလားအလာရှိနေဆဲဖြစ်ပြီး နှစ်စဉ်ကုန်သွယ်မှု ပမာဏသည် ကန်ဒေါ်လာ၂၄၀ ဘီလီယံအထိ မြင့်မားနိုင်ကြောင်း Mr.Chen က ပြောကြားခဲ့သည်။ "တရုတ်နိုင်ငံမှ တင်သွင်းသူများသည် ရုရှားနိုင်ငံမှ ဆန်စပါး၊ ဂျုံမှုန့်၊ ဆီစေ့၊ ဝက်သား၊ အမဲသား၊ ကြက်နှင့် ငါးတို့ကို တင်သွင်းလိုပြီး၊ ရုရှားပို့ကုန်တင်ပို့သူများသည်လည်း အဆိုပါကုန် ပစ္စည်းများကို တင်ပို့ရန်ရှိသည်" ဟု Mr.Chen က ပြောကြားခဲ့ပြီး၊ ထိုသို့ဆောင်ရွက်ခြင်းသည် တရုတ်-ရုရှား ကုန်သွယ်မှုတွင် ပိုမိုမျှတသောကုန်သွယ်ရေးတည်ဆောက်မှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

ယခင်က တရုတ်-ရုရှား ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေခဲ့သော ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများကို ယခုအချိန်တွင် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပြီး ယခုအခါ နယ်စပ်တစ်လျှောက်လမ်းများနှင့် ရထားလမ်းများအားလုံးကို ဖွင့်လှစ်ခဲ့ပြီး အကောက်ခွန်ရှင်းလင်းရေး ထိရောက်မှု တိုးတက်လာကြောင်း Mr.Chen က ပြောကြားခဲ့သည်။ (၈)ကြိမ်မြောက် တရုတ်-ရုရှား ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း Heilongjiang ပြည်နယ် Harbin တွင် မေလ ၁၈ ရက်နေ့မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်နယ် ၂၁ ခုနှင့် ဒေသပေါင်း ၄၄ ခုမှ ကုမ္ပဏီပေါင်း ၁၄၀၀ ခန့်ကို ဆွဲဆောင်ထားကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရကြောင်းရေးသား ဖော်ပြထားပါသည်။



ယခုနှစ် ပထမလေးလအတွင်း တရုတ်-ရုရှား နယ်စပ်မြို့များမှ ထွက်ခွာလာသည့် ရထားများသည် မြောက်ပိုင်းတရုတ် ပြည်တွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Manzhouli နှင့် Heilongjiang ရှိ Suifenhe နှင့် Tongjiang တို့တွင် ၇ % တိုးလာကြောင်း China State Railway၏ အချက်အလက်များအရ သိရှိရကြောင်း ရေးသားဖော်ပြထားပါသည်။ တရုတ်နှင့် ရုရှားတို့သည် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Lin Jian က ပြောကြားခဲ့ကြောင်းလည်း ရေးသားဖော်ပြထားပါသည်။ "အမျိုးသား

လုံခြုံရေးအတွက် အန္တရာယ်များ” ဟုကြောင်းပြ၍ အမေရိကန်က တရုတ်ကုမ္ပဏီများကို အချိန်အတော်ကြာ ဖိနှိပ်ထားပြီး၊ “အမျိုးသား လုံခြုံရေးအတွက်ဟူသော အယူအဆကိုရပ်တန့်ရန်၊ ကုန်သွယ်မှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို နိုင်ငံရေးနှင့် ရောနှောခြင်းကို ရပ်တန့်ရန် သို့မဟုတ် ၎င်းတို့အား လက်နက်အဖြစ် အသုံးပြုခြင်းနှင့် တရုတ် ကုမ္ပဏီများကို ဖိနှိပ်ဒဏ်ခတ် ပိတ်ဆို့မှုများကို အလွဲသုံးစားလုပ်ခြင်းများကို ရပ်တန့်ရန် တရုတ်နိုင်ငံဘက်မှ တိုက်တွန်းကြောင်း” တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Lin Jian က ပြောကြားခဲ့ကြောင်းလည်း ရေးသားဖော်ပြထားသည်။

**(DOT)**

## အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ အပိုင်း (၂) စတင်နေပြီလား

တရုတ်နိုင်ငံအပေါ် မှီခိုနေရသည့် အဓိကကုန်စည်အချို့အပေါ် ၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက် နေ့က အကောက်ခွန်အသစ်များ ပြန်လည်သတ်မှတ်လိုက်ခြင်းသည် ဘိုင်ဒင် အစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ရပ်တန့်လိုကြောင်း ပြသလိုက်ခြင်းဖြစ်သော်လည်း မထင်မှတ်ဘဲ တရုတ်နိုင်ငံအား လက်တုံ့ပြန်ရန် အခွင့်အရေး ပေးလိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ၏ စီးပွားရေး မူဝါဒများကိုသာ သီးသန့်သုတေသန ပြုလုပ်နေသည့် Rhodium Group ၏ စာတမ်းတစ်ခုက ဖော်ပြထားပါသည်။

### နောက်ခံအချက်အလက်များ

အမေရိကန်ကုန်သွယ်မှုဥပဒေ (၁၉၇၄) ပုဒ်မ ၃၀၁ အရ နိုင်ငံခြား တိုင်းပြည်တစ်ခု၏ အထောက်အပံ့ပေးခြင်း (သို့မဟုတ်) အခြားနည်းလမ်းတစ်ခုခုကြောင့် အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးခြင်း၊ ယှဉ်ပြိုင်နိုင်မှုနှင့် မျှတသောကုန်သွယ်မှုကို ဆန့်ကျင်ခြင်းများ ဖြစ်လာပါက အမေရိကန် အစိုးရအနေဖြင့် အဆိုပါ နိုင်ငံအပေါ် ကုန်သွယ်မှု တားမြစ်ခြင်း (သို့မဟုတ်) ညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရာ အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနမှ အဆိုပါပြဌာန်းချက်ကို ပြန်လည်ကိုးကား၍ တရုတ်နိုင်ငံမှ တင်သွင်းသော အဓိက ကုန်စည်အချို့အပေါ် သမ္မတထရမ့်ခေတ်က အတိုင်း အကောက် ခွန်တိုးမြှင့်စည်းကြပ်ရန် အဆိုပြုခဲ့သည်။

အဆိုပြု ကုန်စည်များတွင် ဘက်ထရီများ၊ လျှပ်စစ်မော်တော်ယာဉ်များ၊ လျှပ်စစ်မော်တော်ယာဉ် ဘက်ထရီများ၊ ဆိုလာပြားများ၊ သံမဏိနှင့် အလူမီနီယံ ထုတ်ကုန်များ၊ ဆေးဘက်သုံးပစ္စည်းများ၊ ကရိန်းမျိုးစုံ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အရေးကြီးသောဓာတ်သတ္တုများ ပါဝင်ပါသည်။ (ပုံ- ၁)

အခွန်စည်းကြပ်မှုအများစုကို ယခုနှစ်တွင် စတင်မည်ဖြစ်ပြီး အချို့ကုန်စည်များကိုမူ တင်သွင်းသူများ အချိန်ရရန်နှင့် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ၂၀၂၅ ခုနှစ် (သို့မဟုတ်) ၂၀၂၆ ခုနှစ်တွင် စတင်မည်ဖြစ်သည်။ ကုန်စည်အမျိုးအစားအလိုက် ယေဘုယျအားဖြင့် အကောက်ခွန်နှုန်း အနည်းဆုံး ၁၇. ၅ % မှ အများဆုံး ၇၅ % ထိ ထပ်တိုးသွားသည်ကို တွေ့ရပါသည်။

TABLE 1
**Proposed Section 301 tariffs and enactment period**

| Product | Year | Current tariff level | Proposed tariff level |
|---|---|---|---|
| Battery parts (non-lithium-ion batteries) | 2024 | 7.5% | 25% |
| Electric vehicles | 2024 | 25% | 100% |
| Face masks | 2024 | 0-7.5% | 25% |
| Lithium-ion electrical vehicle batteries | 2024 | 7.5% | 25% |
| Solar cells | 2024 | 25% | 50% |
| Steel and aluminum products | 2024 | 0-7.5% | 25% |
| Syringes and needles | 2024 | 0% | 50% |
| Ship-to-shore cranes | 2024 | 0% | 25% |
| Other critical minerals | 2024 | 0% | 25% |
| Semiconductors | 2025 | 25% | 50% |
| Lithium-ion non-electrical vehicle batteries | 2026 | 7.5% | 25% |
| Medical gloves | 2026 | 7.5% | 25% |
| Natural graphite | 2026 | 0% | 25% |
| Permanent magnets | 2026 | 0% | 25% |

Source: White House

၂၀၂၃ ခုနှစ် စာရင်းများအရ အမေရိကန် နိုင်ငံသည် တရုတ်မှ ယင်းကုန်ပစ္စည်းများကို ဒေါ်လာ ၁၈.၁ ဘီလီယံ ခန့်တင်သွင်းခဲ့ပြီး လျှပ်စစ်မော်တော်ယာဉ်အတွက် မဟုတ်သော လီသီယမ်-အိုင်ယွန်း ဘက်ထရီများ (ဒေါ်လာ၁၀.၈ ဘီလီယံ)ကို စုစုပေါင်းတင်သွင်းမှု၏ ၅၉ % ဖြင့် အများဆုံး တင်သွင်းခဲ့ပါသည်။ ဒုတိယမှာတစ်ပိုင်း လျှပ်ကူးပစ္စည်း (ဒေါ်လာ ၂.၃၂ ဘီလီယံ၊ စုစုပေါင်းတင်သွင်းမှု၏ ၁၂.၈ %) နှင့် လျှပ်စစ်ကားအတွက် လစ်သီယမ် - အိုင်ယွန်း ဘက်ထရီများ (ဒေါ်လာ ၂.၂၉ ဘီလီယံ၊ စုစုပေါင်းတင်သွင်းမှု၏ ၁၂.၆%) တို့ ဖြစ်ပါသည်။ မှတ်သားဖွယ်ရာ အဖြစ် အမေရိကန်သည် ပုဒ်မ ၃၀၁ အရ အခွန်စည်းကြပ်နိုင်သော ကုန်စည်အားလုံးကို တားမြစ်ခြင်းမဟုတ်ဘဲဗျူဟာမြောက် ကုန်စည်များကိုသာ တားမြစ်ထားကြောင်း တွေ့ရပါသည်။

ဥပမာ စားသုံးသူများအတွက် ဈေးနှုန်းမြင့်မားမှုများ မဖြစ်စေရန် သံမဏိနှင့် အလူမီနီယံ ထုတ်ကုန်များတွင် ပုံမှန်အားဖြင့် အခွန်စည်းကြပ်နိုင်သော အလူမီနီယံသတ္တုပြား၊ လေ့ကားများ၊ တံခါးများနှင့် ပြတင်းပေါက်များကို ဖယ်ထုတ်ထားပါသည်။ အရေးကြီးသတ္တုများ စာရင်းတွင် အမှန်တကယ် သတ္တုအမျိုး အစားပေါင်း ၂၆၈ မျိုးရှိသော်လည်း တရုတ်နိုင်ငံမှ အများဆုံး တင်သွင်းသည့် အမျိုးအစား ၂၆ ခုကိုသာ ထည့်သွင်းထားပြီး ရှားပါးမြေကြီး ဒြပ်စင်များဖြစ်သော yttrium နှင့် scandium ၊ ခနောက်စိမ်း၊ germanium နှင့် gallium ကဲ့သို့သော အရေးကြီးသတ္တုများ မပါဝင်ပါ။ ဘတ်ထရီ အစိတ်အပိုင်းများတွင် လည်း ရိုးရိုးအက်ဆစ်ဘက်ထရီ များ (non-lead-acid battery) ကို အခွန်စည်းကြပ်မည်ဖြစ်ပြီး နည်းပညာအသုံးပြု ထုတ်လုပ်ထားသည့် ခဲ-အက်ဆစ်ဘတ် ထရီများ (lead-acid battery) ကို ဖယ်ထားခြင်းသည် နောင်တွင်လည်း တရုတ်မှ ဆက်လက်ဝယ်ယူ သွားမည်ဖြစ်ကြောင်း သွယ်ဝိုက်ပြသခြင်းဟု ယူဆရပါသည်။

### ဘာကြောင့် ဒီကုန်စည်တွေကိုပစ်မှတ်ထားရတာလဲ

### လျှပ်စစ်မော်တော်ယာဉ်များ

အမေရိကန်သို့ တရုတ်လျှပ်စစ်မော်တော်ယာဉ်များ တိုက်ရိုက်တင်သွင်းခြင်းမရှိသလောက် နည်းသော်လည်း အမေရိကန်နှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့် မက္ကဆီကိုနှင့် တောင်ကိုရီးယားတို့တွင် တရုတ် EV ကုမ္ပဏီများ သွားရောက်ရင်းနှီးမြှုပ်နှံ နေသောကြောင့် ဖြစ်နိုင်ချေရှိသော EV နှင့်ဆက်နွယ်သည့် အခွန်စည်းကြပ်မှုများကို ရှောင်တိမ်းရန် အခွင့်အလမ်းကို တားဆီးလိုခြင်း၊ အမေရိကန်အခြေစိုက် မော်တော်ယာဉ်ထုတ်လုပ်သူများ အတွက် ပို့ကုန်ကြောင့် သွင်းကုန်ကို အခွန်လျှော့ပေးခြင်း စနစ် (Duty Drawback) ၏ အားနည်းချက်ကို တားဆီးလိုခြင်းနှင့် ဆိုက်ဘာလုံခြုံရေးကန့်သတ်ချက်များကြောင့်ဟု သုံးသပ်ရပါသည်။

### ဘက်ထရီများ

အမေရိကန်၏ ငွေကြေးဖောင်းပွမှု လျှော့ချရေး အက်ဥပဒအရ လျှပ်စစ်မော်တော်ယာဉ်များအတွက် အခွန်လျှော့ပေးသည့် အခွင့်အရေးအောက်တွင် ဘက်ထရီနှင့် ဘက်ထရီ အစိတ်အပိုင်းများ ပါဝင်သည်။ သို့သော် အမေရိကန်က ဈေးသက်သာသော တရုတ်ဘက်ထရီအပေါ် ၂၅ % အခွန်စည်း ကြပ်လိုက်ရာ အမေရိကန် မော်တော်ယာဉ် ထုတ်လုပ်သူများအနေဖြင့် ငွေကြေးဖောင်းပွမှု လျှော့ချရေး အက်ဥပဒေ၏ အကျိုးရရှိသည့် ကိုရီးယားနှင့် ဂျပန်တို့မှ ဘက်ထရီများကိုသာ သုံးစွဲတော့မည်ဖြစ်ပါသည်။ အမေရိကန်သည် စွမ်းအင်သိုလှောင်သည့် ကြီးမားသောဘက်ထရီများကိုလည်း တရုတ်နိုင်ငံမှ ၇၁ % ခန့် တင်သွင်းရာ တရုတ်အနေဖြင့် ကြီးမားသော ဈေးကွက်တစ်ခုကို ဆုံးရှုံးရမည်ဖြစ်ပြီး ဈေးနှုန်းလျှော့ချခြင်းကို ဆောင်ရွက်လာနိုင်ပါသည်။ တရုတ်ဘက်ထရီသည် အမေရိကန်အတွက် အရေး ကြီးသောကြောင့် အခွန်စည်းကြပ်မှုကို ၂၀၂၆ ခုနှစ်မှ စတင်မည်ဖြစ်ပါသည်။

### ချစ်ပ်အပါအဝင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ

ကုန်သွယ်မှုတိုးမြှင့်ရေးအက်ဥပဒေ (၁၉၆၇) ပုဒ်မ ၂၃၂ အရ အမျိုးသားလုံခြုံရေးကို ထိပါးလာပါက သွင်းကုန်ခွန်တိုးမြှင့်နိုင်ရာ အမေရိကန်သည် ဈေးပေါသော တရုတ်ချစ်ပ်နှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ဝယ်ယူခြင်းကို တတ်နိုင်သမျှ ဟန့်တားလျက်ရှိပါသည်။ တရုတ်နိုင်ငံမှ တစ်ပိုင်းလျှပ်ကူးပစ္စည်းအပေါ် စည်းကြပ်ခွန် ၂၅%မှ ၅၀% တိုးမြှင့်ခြင်းသည် နည်းပညာအပေါ် အဓိကထိန်းချုပ်လိုခြင်းဖြစ်သော်လည်း စီးပွားရေးတွက်ချေကိုက်မှု ရှိ/မရှိကို စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။

### ဆိုလာပြားများနှင့် အရေးကြီးသောသတ္တုများ

အမေရိကန်က အကောက်ခွန်တိုးမြှင့်မည့် ကုန်စည်များတွင် တရုတ်မှ သွင်းအားစုများဖြစ်သည့် ဂရပ်ဖိုက်၊ ဆိုလာများနှင့် သံလိုက်များလည်း ပါဝင်သည်။ တရုတ်က အဆိုပါ သွင်းအားစုများအပေါ် အကောက်ခွန်နည်းလမ်းဖြင့် တုံ့ပြန်ခြင်း၊ ပို့ကုန်တင်းကြပ်ခြင်းနည်းလမ်းများကို ဆောင်ရွက်လာနိုင်ပါသည်။ တရုတ်၏ တုံ့ပြန်မှုအပေါ် ဈေးကွက်ခွဲထွက်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ရေရှည်တည်တံ့ရေးတို့အား အမေရိကန်မှ ဆောင်ရွက်လာနိုင်ပါသည်။

### ဆေးဘက်ဆိုင်ရာပစ္စည်းများ

ဆေးဘက်ဆိုင်ရာ ပစ္စည်းများအပေါ် စည်းကြပ်ခွန်တိုးမြှင့်လိုက်ခြင်းသည် အန္တရာယ်များသော နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ တရုတ်မှ နှာခေါင်းစည်းများနှင့် ဆေးထိုးအပ်များကို စည်းကြပ်ခွန် ကောက်ခံခြင်းဖြင့် အမေရိကန်၏ ကျန်းမာရေးစောင့်ရှောက်မှုသည် တရုတ်ကို မမှီခိုဘဲ အဆင်သင့် ဖြစ်နေကြောင်း အချက်ပြလိုက်ခြင်းဖြစ်ပါသည်။ သို့သော် တရုတ်သည် အမေရိကန်မှ ဆေးဝါး

သွင်း အားစုများ၊ အသက်ရှူကူစက်များ၊ ခတ်ခွဲခန်းသုံး ပစ္စည်းများကို တင်သွင်းနေသောကြောင့် ဆေးဝါးကဏ္ဍ တွင် လက်တုံ့ပြန်ခြင်းသည် နစ်ဖက်ကျန်းမာရေး စောင့်ရှောက်မှုစနစ်အား သိသိသာသာ သက်ရောက် စေမည်ဖြစ်ပါသည်။

## တရုတ်၏ တုံ့ပြန်လာနိုင်ခြေ

အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် တရုတ်၏ တုံ့ပြန်လာမည့် အချိန်နှင့်အတိုင်းအတာသည် နိုဝင်ဘာလ တွင် ကျင်းပမည့် အမေရိကန်ရွေးကောက်ပွဲအပြင် အီးယူ၊ G7တို့နှင့် ဆက်ဆံရေးလည်း ပါဝင်သလို တရုတ်ကိုယ်တိုင် ကလည်း မလိုလားအပ်သော စီးပွားရေးပြဿနာများကို ဟန့်တားနိုင်ရန် ချိန်ဆနေပုံရသည်ဟု သုံးသပ်ကြပါသည်။ ဖြစ်နိုင်ခြေများစွာအနက် တရုတ်သည် "နားကိုက်ပါးကိုက် (tit-for-tat)" နည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုပါက ထရမ့် လက်ထက်က ကျင့်သုံးခဲ့သည့်အတိုင်း သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံခန့်အပေါ် အကောက်ခွန် ၂၅ % နှင့်အထက် တိုးမြှင့်ကောက်ခံ သွားနိုင်ပါသည်။ ၂၀၂၃ ခုနှစ် စာရင်းများအရ အမေရိကန်သည် မော်တော် ယာဉ်တန်ဖိုး ဒေါ်လာ ၆.၂ ဘီလီယံခန့် တရုတ်သို့ တင်သွင်းခဲ့ရာ လက်ရှိတွင် မော်တော်ယာဉ် ထုတ်လုပ်မှု၌ စွမ်းရည်ကျော်လွန်နေသည့် တရုတ်အနေဖြင့် အမေရိကန် မော်တော်ယာဉ်အပေါ် ၁၀၀ % အခွန်ကောက်ခံမည် ဆိုပါကလည်း တရုတ်စားသုံးသူကို ထိခိုက်မည်မဟုတ်ပါ။

ထို့ပြင် အမေရိကန် လယ်ယာထွက်ကုန်များအပေါ် အကောက်ခွန်တိုးမြှင့်လိုက်ပါကလည်း အိုဟိုင်းအို (Ohio) ကဲ့သို့ လယ်ယာကဏ္ဍကိုမှီခိုနေရသည့် ပြည်နယ်များ၌ နိုင်ငံရေးရိုက်ခတ်မှုများပင် ရှိလာနိုင်ပါသည်။ ထပ်မံ၍ အမေရိကန်က အကောက်ခွန် တိုးမြှင့်ခြင်းမှ ဖယ်ထား သောသွင်းကုန်များ၊ ယာယီသာ ကောက်ခံရန် သတ်မှတ် ထားသည့် တရုတ်ကုန်စည်များအပေါ် ပို့ကုန်တားမြစ်ခြင်း ဖြင့် အမေရိကန်သည် တရုတ်ကိုဆက်လက် မှီခိုနေ ကြောင်း သိသာစေမည်ဖြစ်ပါသည်။ ယွမ်တန်ဖိုးနိမ့်ချ လိုက်ခြင်းကလည်း တရုတ်ပစ္စည်းများ ယှဉ်ပြိုင်မှု အားကောင်းပြီး ဈေးကွက်အသစ်များ ရမည်ဖြစ်ပါသည်။ လက်ရှိတွင် တရုတ်ကငွေကြေးတန်ဖိုးချခြင်းကို ကန့်သတ် ထားသလို ငွေကြေးတန်ဖိုးချခြင်း ကြောင့် အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် အငြင်းပွားနိုင်ပြီး ထုတ်လုပ်နိုင်မှုထက် ပိုမိုထုတ်လုပ်သည်ဟု တရုတ်အပေါ် စွပ်စွဲချက် အဟောင်း သည် တစ်ပတ်ပြန်လည်လာနိုင်ပါသည်။ တရုတ်သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကြေညာခဲ့သော ပို့ကုန် တားမြစ်ထားသည့် သွင်းအားစုများ၊ ဆိုလာနည်းပညာ အပါအဝင် နည်းပညာများ၊ အရေးကြီးသတ္တုများစာရင်းကို ထပ်တိုးနိုင်သော်လည်း ဤမျှပြင်းပြင်းထန်ထန်လုပ်ဆောင် လိမ့်မည်ဟု မမျှော်လင့်ရပါ။

## ကျွမ်းကျင်သူများ၏ သုံးသပ်ချက်

ထရမ့်အစိုးရလက်ထက် (၂၀၁၈ ခုနှစ်) က ပိုမိုများပြား သော တရုတ်ကုန်စည်များအပေါ် အကောက်ခွန် ၁၀% မှ ၂၅% ထိ ကောက်ခံခဲ့သော်လည်း လက်ရှိတွင် ပျမ်းမျှအခွန် ၁၉ % သာ ကောက်ခံနေပါသည်။ ထို့ကြောင့် ဘိုင်ဒင် အစိုးရ၏ တရုတ်နှင့် ဗျူဟာမြောက်ကုန်စည်များအပေါ် ၂၅ % မှ ၁၀၀ % ထိ အခွန်ကောက်မည့်အရေးသည် အမျိုးသားအကျိုးစီးပွား ကာကွယ်ရေး အကြောင်းပြချက် နှင့် ကိုက်ညီသလို ကုန်သွယ်မှုစစ်ပွဲမဖြစ်ပွားရေး တတ်နိုင် သမျှ လက်ရှောင်ခဲ့ကာ နှစ်ဖက်တင်းမာမှုများကိုလည်း အဆင့်မြင့်ကိုယ်စားလှယ်များ၏ အပြန်အလှန် ခရီးစဉ်များ ဖြင့် လျော့ပါးစေခဲ့သည်ဟု သုံးသပ်နိုင်ပါသည်။ တရုတ် ဘက်မှလည်း ၂၀၂၅ ခုနှစ်နှင့် နောက်ပိုင်းတွင် အမေရိကန် မှ ဆောင်ရွက် လာနိုင်ဖွယ်ရှိသော ကုန်သွယ်မှု အကြပ် အတည်းများအား ဖြေရှင်းနိုင်ရေး အမျိုးသားလွှတ်တော်က ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် အကောက်ခွန် ဥပဒေ အသစ်ကို ပြဋ္ဌာန်းခဲ့ကာ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ပါသည်။ နှစ်ဖက်စလုံးမှ အကောက်ခွန် နည်းလမ်းဖြင့်သာ ပြည်တွင်းကုန်သွယ်မှု မူဝါဒရည်မှန်းချက်များကာကွယ်ရန်နှင့်ဆုံးရှုံးမှု အနည်းဆုံး ဖြစ်ရန် လက်ခံထားကြောင်း သုံးသပ်ရပါသည်။



## ဆိပ်ဖြူမြို့နယ်၏ ဆီထွက်သီးနှံ မိုးမြေပဲစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကိုအခြေပြု၍ ဒေသစီးပွားဖြစ် လုပ်ကိုင်နေထိုင်ကြသည်။ စိုက်ပျိုးရေး ဒေသအနေဖြင့် ကြက်သွန်နီ၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ကုန်စိမ်းသီးနှံများကို နှစ်စဉ်မပြတ် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။ စားသုံးသူများအနေဖြင့် အဓိက စားသုံးမှုများလျက်ရှိသော ဆီထွက်သီးနှံ မြေပဲကို တစ်နှစ်လျှင် မိုးနှင့်ဆောင်း နှစ်ရာသီစိုက်ပျိုးလျက်ရှိပြီး မိုးသီးနှံ မြေပဲကို လုံးဆံကြီးအနီ ၆ လ ပဲပင်ပြန့် မြေပဲမျိုးနှင့် လုံးဆံသေး(ဖြူ) S1 ၃ လပဲပင်ပြန့် မြေပဲမျိုးကို စိုက်ပျိုးကြောင်း၊ ၆ လပဲ မှာ သက်တမ်းရှည်၍ သီးထပ် စိုက်ပျိုးကြခြင်းမရှိကြောင်း၊ ၃ လမြေပဲမှာ ရာသီဥတုအပေါ်မူတည်ပြီး သီးထပ်သီးနှံအဖြစ် ပြန်လည် စိုက်ပျိုးကြကြောင်း၊ ၆ လ မြေပဲကို မိုးဦးကာလ ဇွန်လတွင် စိုက်ပျိုးပြီး ၃ လမြေပဲကို ဇူလိုင်လတွင် စိုက်ပျိုးပြီး နှစ်စဉ်စိုက်ဧက ၃၀၀၀ ကျော်ခန့် စိုက်ပျိုးကြောင်း သိရှိရသည်။

စိုက်ပျိုးမှုအနေဖြင့် ဆိပ်ဖြူမြို့နယ်၊ ကုန်းတွင်းပိုင်း ဒေသများဖြစ်သည့် တပေါင်း၊ ကူရှည်၊ ရွာမ အလယ်စု၊ ဖက္ကနား၊ ထန်းစွန်၊ မြေပု၊ နုံးပုံ၊ သံပုရာပင်၊ ဇီးပင်ကြီး ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြောင်း၊ ဇွန်လပိုင်းတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် တူးဖော်ရိတ်သိမ်းကြောင်း၊ မြေပဲခင်းကြားတွင် သီးညှပ်သီးနှံအဖြစ် ပဲစင်းငုံ သက်ကြီးမျိုးကို စိုက်ပျိုးကြောင်း၊ ၆ လပင်ပြန့် မြေပဲမှာ မိုးခေါင်ခံ၍ ပင်မာမျိုးဖြစ်ပြီး အထွက်နှုန်းအနေဖြင့်လည်း ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးတောင်သူများ များပြားလာကြောင်း သိရှိရပါသည်။

စိုက်ပျိုးထွက်ရှိမှုအနေဖြင့် ယခင်နှစ် ၆ လပင်ပြန့် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကမျိုးစေ့ ၂၄ ပြည်ခန့်ကုန်ကျပြီး တစ်ပြည်လျှင် ကျပ် ၇၀၀၀ ဈေးနှုန်းဖြင့် ဝယ်ယူ စိုက်ပျိုးရကြောင်း၊ အထွက်နှုန်း အနေဖြင့် မျိုးစေ့တစ်ပြည် စိုက်ပျိုးလျှင် မြေပဲတောင့် ၁၀ တင်းခန့် ထွက်ရှိပြီး တစ်ဧကလျှင် တင်း၂၀၀ကျော်ခန့်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကျပ် ၇ သိန်းခန့် ကုန်ကျပြီး ဈေးနှုန်း ဈေးကွက်အနေဖြင့် မြေပဲလုံးဆံ(နီ) တစ်ပြည်လျှင် ကျပ် ၆၅၀၀-၇၀၀၀ ဖြင့် ရောင်းချရ၍ တောင်သူများ အကျိုးအမြတ်များစွာရရှိခဲ့ကြောင်း၊ ယခုနှစ်မြေပဲ စိုက်ပျိုးချိန်တွင်လည်း မြေပဲဈေးကွက်ကျဆင်းခြင်း မရှိဘဲ ခိုင်မာနေခြင်းကြောင့် စိုက်ဧကများ တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးမြေပဲတစ်ဧက စိုက်ပျိုးကုန်ကျစရိတ် မှာ ကျပ် ၈ သိန်းခန့် ကုန်ကျမည် ခန့်မှန်းကြောင်း ဒေသခံတောင်သူထံမှ သိရှိရသည်။



ဈေးနှုန်းဈေးကွက်အနေဖြင့် ယခုဒေသတွင်း ဈေးကွက်တွင် မြေပဲဆုံဆီ တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ စက်ပဲဆီတစ်ပိဿာ ကျပ် ၁၆၀၀၀၊ မြေပဲဖတ်တစ်ပိဿာကျပ် ၃၂၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယနေ့ခေတ်တွင် ပြည်တွင်း၌ စိုက်ပျိုးသည့် ဆီထွက်သီးနှံ မြေထောက်ပဲကို လုပ်ငန်းရှင်များမှ မြေပဲဆီ ထုတ်လုပ်မှုနှင့် စားသောက်ကုန်မျိုးစုံ ထုတ်လုပ်လျက်ရှိခြင်းကြောင့် ပြည်တွင်းစားသုံးမှု မြင့်တက်လာပြီး ပြည်ပနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနိုင်ငံတို့ကိုလည်း မြေပဲဆံများကို ပို့ကုန်အဖြစ် တင်ပို့လျက်ရှိ၍ ရောင်းလိုအား၊ ဝယ်လိုအားကောင်းခြင်းကြောင့် မြေပဲဈေးကွက် ခိုင်မာမှုရှိ၍ တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိခြင်းကြောင့် မြေပဲစိုက်ပျိုး၍ ရရှိသည့် မြေအမျိုးအစားများတွင် နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုးလျက်ရှိပါကြောင်း သိရှိရပါသည်။

DOCA (မကွေး)

# MIFER သတင်းကဏ္ဍ

MIFER
BULLETIN
2/2024

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့မှာ ကျင်းပတဲ့ (၂၇) ကြိမ်မြောက် စိန့်ပီတာ စဘတ်နိုင်ငံတကာ စီးပွားရေး ဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တက်ရောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့ပါတယ်။




အဆိုပါ ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေး Mr. Anton Kobyakov ၊ သမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေး Mr. Igor Levitin ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ၊ ပို့ဆောင်ရေးဝန်ကြီး Mr. Roman Starovoyt ၊ ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Sergei Glazyev နှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့်အလားအလာများကိုဆွေးနွေးခဲ့ပါတယ်။

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် EAEU-ASEAN Business Dialogue အစီအစဉ်တွင် ဆွေးနွေးပြောကြားသူအဖြစ် ပါဝင်တက်ရောက်ခဲ့ပါတယ်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားကုမ္ပဏီများနှင့် အဖွဲ့အစည်းများဖြစ်သည့် PJSC Gazprom စွမ်းအင်ကုမ္ပဏီ၊ FESCO ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ၊ Business Russia စီးပွားရေးအဖွဲ့နှင့် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ဆွေးနွေးခဲ့ပါ




တယ်။

(၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များ အသင်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ပါတယ်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E MR. ABHAY THAKUR အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Abhay Thakur အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ငွေပေး ချေမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်း စွာ ဆွေးနွေးခဲ့ကြပါသည်။

ယင်းတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိ သည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အာရပ် စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed AL Faheem အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် ရန်ကုန်မြို့ အခြေစိုက်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed AL Faheemအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့အကြား နှစ်နိုင်ငံ အကျိုးတူ ရင်းနှီး မြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ယင်းတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။




## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E.Mr.Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr.Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက် နိုင်ရေး၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။



## ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ သို့ တက်ရောက်အားပေးခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံ မှုလုပ်ငန်းများ မြှင့်တင်ရေး ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် မကွေးမြို့၊ မြို့တော်ခန်းမ ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်တို့ တက် ရောက်၍ အမှာစကားများ ပြောကြားကြပါသည်။

အဆိုပါ ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုသိရှိနိုင်စေရန်၊ ရင်းနှီး မြှုပ်နှံမှုနှင့် ဆက်စပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် နိုင်စေရန်နှင့် လုပ်ငန်းရှင်များ တွေ့ကြုံနေရသော ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ကူညီ ပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမှာစကား ပြောကြားရာတွင် မကွေးတိုင်းဒေသကြီး သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး အချက် အချာကျသော ဒေသတစ်ခုဖြစ်ကြောင်း၊ ပြည်တွင်းနှင့် ဒေသခံလုပ်ငန်းရှင်များ စီးပွားရေးလုပ်ကိုင်နိုင်စွမ်းမြှင့်တင် နိုင်ရေး ဤဆွေးနွေးပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည် တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အခွင့်အလမ်းများကိုဖန်တီးပေးနိုင်သော မကွေးတိုင်းဒေသ ကြီးအတွင်း MSME လုပ်ငန်းများအပါအဝင် ပြည်တွင်း/ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် နိုင်ငံတော်က လိုအပ်သည်များကို စိစစ်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် လက်ရှိလုပ်ငန်းများ ပိုမို အခြေခိုင်မာ စွာ လည်ပတ်နိုင်ပြီး ဒေသထုတ်ကုန်များ ထုတ်လုပ်မှု တိုးတက်လာစေရေး ကြိုးပမ်းကြစေ လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကား ပြောကြားရာတွင် မကွေး တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်က ဆီစက်လုပ်ငန်း ဖွံ့ဖြိုးရေး

အားပေးကူညီလျက် ရှိကြောင်း၊ မွေးမြူရေး ပိုမိုအားကောင်းစေရန်လည်း ကြိုးပမ်းလျက် ရှိကြောင်း၊ MSME လုပ်ငန်းများကိုလည်း တန်ဖိုးမြှင့် ထုတ်လုပ်နိုင်စေရန် ဦးတည်ဆောင်ရွက်လျက် ရှိကြောင်း၊ နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းအတွက် အခွင့်အလမ်းများစွာ ရှိကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက်လည်း ဆွဲဆောင်နိုင်သော နေရာများပေါများကြောင်း၊ အဆိုပါလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာစေရန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေး အဖြေရှာခြင်းဖြင့် တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးလာစေရေး ကြိုးပမ်းကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီးဒေသထွက်ကုန်များ ခင်းကျင်းပြသထားသည့် ပြခန်းများသို့ လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခဲ့ပါသည်။

အခမ်းအနား အစီအစဉ်အရ တာဝန်ရှိသူများက **"မကွေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ"** ခေါင်းစဉ်ကို Power Point Presentation ဖြင့် ဆွေးနွေးပြောကြားရာ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ မွေးမြူရေး နှင့် ရေလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများ၏ အလားအလာကောင်းများကို အချက်အလက်များဖြင့် တင်ပြသည်။ အစီအစဉ်အရ မကွေးတိုင်းဒေသကြီးအတွင်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့ကို အားပေးမြှင့်တင်နိုင်ရန် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကျွမ်းကျင်သူများက ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း လူဦးရေ ၂၈၀ ခန့် တက်ရောက်ကြသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့်  နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ ခွဲဝေချထားမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျာထားချက်များအကောင်အထည်ဖော်မှု၊ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ ခွဲဝေချထားမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျာထားချက်များ အကောင်အထည်ဖော်မှု၊ လုပ်ငန်းဆောင်ရွက်ချက်များ အပေါ် ပြန်လည် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊မေလ ၆ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေခွဲဝေချထားမှု အပေါ် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် နှင့် ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှု လျာထားချက်အပေါ် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်စီးပွားရေး ဦးတည်ချက် ၃ ရပ် ချမှတ်၍ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်မှုမှသည် အထွေထွေဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် အရေးပါကြောင်း၊ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မှသာ တိုင်းပြည်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု (GDP) မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အဓိကထား၍ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ခန့်မှန်းချက်များကို အခြေခံကျကျ မှန်ကန်စွာ တွက်ချက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြည်တွင်းလိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးတက်ရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဆန်းစစ်ချက် (Domestic Investment Survey) များ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် စွန့်ဦးတီထွင်သူများနှင့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူများအတွက် Start up Centre ကို တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အလိုအလျောက်နှင့် ဆွဲဆောင်ရင်းနှီးမြှုပ်နှံမှုပုံစံမှ တစ်ဆင့် ပုဂ္ဂလိက ကဏ္ဍနှင့် ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စာရင်းဇယားများ တိကျမှန်ကန်စေရန် လိုအပ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးအတွက် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၏ အခန်းကဏ္ဍသည်လည်း အဓိကကျပါကြောင်း၊ ကမ္ဘာတွင်ပြောင်းလဲနေသောရင်းနှီးမြှုပ်နှံမှုပုံစံနှင့် စီးပွားရေးအုပ်စုများ ပြောင်းလဲလာမှုကို အမြဲတမ်း မျက်ခြေမပြတ် စောင့်ကြည့် လေ့လာရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်တွေ့ဆောင်ရွက်နိုင်မည့် အခြေအနေများကို မြေပြင်အခြေအနေအတိုင်း တင်ပြကြရန် လိုအပ်ပါကြောင်း မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လျာထားချက်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလျာထားချက်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ အသုံးစရိတ်များအား လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် မိတ်ဖက်နိုင်ငံများနှင့် တိုးမြှင့်ဆက်ဆံနိုင်ရေး နှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အလားအလာတို့ကို သိရှိထားရန်နှင့် မိမိတို့၏လုပ်ငန်းနယ်ပယ်နှင့်

စပ်လျဉ်း၍ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းဒေသကြီး / ပြည်နယ် အလိုက် ကိုဗစ် - ၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ချေးထားရှိမှုနှင့် ပြန်လည်ကောက်ခံရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။



ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းနှင့်ပြည်နယ် ဦးစီးမှူးများက ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေးကျင်းပပေးနိုင်မှု အခြေအနေများ၊ လျာထားနှင့် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ၂၀၂၄ ခုနှစ် ၊ဖေဖော်ဝါရီလမှ ဧပြီလအထိ ရင်းနှီးမြှုပ်နှံမှု လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု လျာထားချက်အပေါ် ဆောင်ရွက်မည့် အခြေအနေများ၊ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ကဏ္ဍများအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ချေးငွေနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးကို ၂၀၂၄ ခုနှစ် ၊ မေလ ၆ ရက်မှ ၈ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်၏ လည့်ပတ်ရန်ပုံငွေ ကျပ် ဘီလီယံ ၅၀ ပြန်လည် ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ကျပ်ဘီလီယံ ၁၅၀ မှ ကျပ်ဘီလီယံ ၂၀ ၊ စုစုပေါင်း ကျပ်ဘီလီယံ ၇၀ ကို ပြန်လည်ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာ ကဏ္ဍသို့ ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်ပေးပြီးကြောင်း အခြေအနေ၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ချေးငွေအား ကောက်ခံရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံ

ရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေး အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ တက်ရောက် လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၄) "မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတွေ့အကြုံ မျှဝေခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ" ကျင်းပခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၄) အဖြစ် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၊ Academy for International Business Officials (AIBO) တွင် ကျင်းပပြုလုပ်ခဲ့သည့် **"မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတွေ့အကြုံမျှဝေခြင်းဆိုင်ရာ ဆွေးနွေးပွဲ"** ကို ၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အသိပညာမျှဝေဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် မိမိတို့ သင်ကြားလေ့လာ မှတ်သားခဲ့ရသည့် ကိုယ်တိုင် ဆောင်ရွက်ခဲ့ရသည့် အသိပညာ၊ ဗဟုသုတများကို ပြန်လည် မျှဝေပေးခြင်းဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးမည့် အကြောင်းအရာသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေးအတွက် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများ မျှဝေခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ICT နည်းပညာနှင့် ဉာဏ်ရည်တု (Artificial Intelligence AI) နည်းပညာတို့တွင် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ နိုင်ငံ၏ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) သည်လည်း ကမ္ဘာ့ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကိုပါ ရင်းနှီးမြှုပ်နှံမှုများကို အများဆုံး ဖိတ်ခေါ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုမှာ အဓိကအရေးကြီးပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် တရုတ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အသေးစိတ် တင်ပြဆွေးနွေးသွားမည်ဖြစ်သဖြင့် တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်အေးမြသီတာက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေး အတွက် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်မှုများ၊ တရုတ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှု အတွေ့ အကြုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြား ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးကတရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်သူဗဟိုပြုသည့် နည်းလမ်းဖြင့် ပြုပြင် ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ဝန်ထမ်းများက သိရှိ လိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှု ဦးစီးဌာနမှ Online ဖြင့် တက်ရောက်သည့် အရာထမ်း/ အမှုထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်း အင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာနရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းနှင့် အမှုထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း အမှတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူ ၅၁ဦးတက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ တွင် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ သီးသန့်ဖွင့်လှစ်သည့် သင်တန်း ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ ဝန်ကြီး ဌာနနှင့် ဦးစီးဌာနများ၏ မူဝါဒများ၊ ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အခြေခံသဘောတရားများကို သေသေ ချာချာ သိရှိနားလည်စေရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက် လျက်ရှိပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အနေ ဖြင့် နှစ်နိုင်ငံချင်း ဆက်သွယ်မှု၊ နိုင်ငံများနှင့် ဆက်သွယ်မှု၊

နိုင်ငံတကာနှင့် စုစည်းထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝန်ထမ်းများ အရည်အသွေး ပြည့်ဝ တိုးတက်ကောင်းမွန်စေရန် အထူး လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းလက်စွဲ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ မိမိကိုယ်ကို ယုံကြည်မှု၊ မိမိဝန်ကြီးဌာနကို ယုံကြည်မှုနှင့် မိမိနိုင်ငံတော်အပေါ် ယုံကြည်မှုရှိရှိနှင့် ခွန်ပြည့်အားပြည့်ဖြင့် အလုပ်လုပ်ရန် လိုအပ်ကြောင်း၊ ယခု သင်တန်းတွင် သင်တန်းသားများ သိသင့်သိထိုက် သော ဘာသာရပ်များကို ခြုံငုံသိရှိစေရန် သင်ကြားပို့ချ ပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးချိန်တွင် သင်တန်းသား များ အနေဖြင့် Group Presentation များကို အုပ်စုလိုက် လက်တွေ့ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဌာနမှဖွင့်လှစ်သည့် သင်တန်းများ အပြင် အခြားသော ဝန်ကြီးဌာနများမှ ဖွင့်လှစ်သည့် သင်တန်းများနှင့် ပြည်ထောင်စုရာထူးဝန်မှ ဖွင့်လှစ်သည့် သင်တန်းများသို့စေလွှတ်ပေးလျက်ရှိပြီး ထူးချွန်သင်တန်း သားများကိုလည်း မှတ်တမ်းပြု၍ ချီးမြှင့်ပေးလျက်ရှိပါ ကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အတွက် နိုင်ငံတော် နှင့် မိမိတို့ဝန်ကြီးဌာနအပေါ် သစ္စာစောင့်သိ၍ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ဝန်ထမ်းလက်စွဲနှင့်အညီ စနစ်တကျ၊ စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ယခုသင်တန်းမှ စွမ်းဆောင်ရည်ပြည့်ဝသော အရာထမ်း/အမှုထမ်းကောင်း များ မွေးထုတ်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည် ပါ ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝိရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိဆိုသည့်အချက်များနှင့် ပြည့်စုံသော နိုင်ငံ့ဝန်ထမ်း ကောင်းများ ဖြစ်ပါစေကြောင်းနှင့် ယခုသင်တန်းသို့ လေးလေးနက်နက်ထား၍ တက်ရောက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ကို၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက် မှ ဇွန်လ ၁၇ ရက်အထိ In Person ၂၂ ဦး၊ Online ဖြင့် ၂၉ ဦး စုစုပေါင်း ၅၁ ဦးဖြင့် ဖွင့်လှစ် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလ အတွင်း ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှု ဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်း လက်စွဲဘာသာရပ်နှင့် ဝန်ထမ်းများသိရှိထားရမည့် ဘာသာ ရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အရာရှိကြီးများ နှင့် သင်တန်းနည်းပြများအား ဖိတ်ခေါ်၍ သင်ကြားပို့ချ ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ထမ်းသားသမီးများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား ဆုပေးအပ် ချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ကျောင်း သား၊ ကျောင်းသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်း သူများ အပါအဝင် စုစုပေါင်းအင်အား ၃၀၀ ကျော် တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း များ၏ သားသမီးများသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် နည်းတူ ပညာရေးသည်လည်း နိုင်ငံတော်၏ အနာဂတ် ဖြစ်သဖြင့် ဝန်ထမ်းများ၏ သားသမီးများကို ပညာတတ် လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ ထောက်ပံ့ပေးခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ပြီး အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်းများ မရှိ စေရေးတို့အတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးစေလို ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ ၂၀၂၄ ကို “လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး” ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့သည့် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အကြီးအကဲက “ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည်ပညာတတ်အရင်းအမြစ်များပေါ်များ ခြင်းပင် ဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ ပညာရေး သည် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံမှု (Human Resource Investment) ဖြစ်သဖြင့် နိုင်ငံတော် တိုးတက် ရေးအတွက်အဓိကအရေးပါသောကျောင်းသား၊ကျောင်းသူ များက ပညာရေးကို အစွမ်းကုန်ကြိုးစား ဆောင်ရွက် စေလိုပါကြောင်း၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန် သော လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်ရေး ဝန်ထမ်းမိဘများက သား၊ သမီး များကို ပြည့်ပြည့်ဝဝ စနစ်တကျဖြင့် ပြုစုပေးကြစေလို ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး အနည်းဆုံး KG + 12 ထိ အခြေခံ ပညာသင်ယူခွင့် ရရှိ ရေးအတွက် မိဘများကိုယ်တိုင်ကြိုးစား၍ ပညာအမွေ ပေးကြစေလိုပါကြောင်း၊ ပညာသင်ယူ တတ်မြောက်မှသာ အသိပညာ၊ ဗဟုသုတ ပြည့်စုံ၍ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်မည် ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းမိဘများက မိမိတို့၏ သား၊ သမီးများကို နိုင်ငံတော်အတွက် အားကိုး အားထား ပြုထိုက်သည့် လူငယ်များ ဖြစ်လာစေရေး၊ နိုင်ငံတော်၏ ပုခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်း ရယူနိုင်ရေး၊ နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် ပညာတတ် လူငယ်များ ဖြစ်ပေါ်လာစေရေး၊ ပညာတတ် လူသားအရင်း အမြစ်များမွေးထုတ်ပေးနိုင်ရေးဝိုင်းဝန်းဆောင်ရွက်ပေးကြ စေလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားမှု ရလဒ်များသည်မိဘများ၏ ဂုဏ်သိက္ခာဖြစ်သဖြင့် ကျောင်း ပညာများကို ထူးချွန်အောင် ကြိုးစားသင်ယူကြစေလို ကြောင်းနှင့်နိုင်ငံ၏အခြေခံအကျဆုံးကဏ္ဍသည် ပညာရေး ကဏ္ဍဖြစ်သဖြင့် “ပညာမြင့်မှလူမျိုးတင့်မည်” ဆိုသော စကားနှင့်အညီ ပညာရေးဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများတွင် မြင့်မားတိုးတက် လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မသီရိစန္ဒာဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်အောင်ခေတ်ပိုင်နှင့် တက္ကသိုလ် ဝင်တန်းတွင် နှစ်ချင်းပေါက် အောင်မြင်ခဲ့သည့် မောင် ဉာဏ်လင်းထွန်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြား

စီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွန်ကြားရေးမှူးချုပ် တို့က အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မသီရိစန္ဒာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၃ ဦး နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူ ၂၁၂ ဦးတို့အတွက် စုစုပေါင်း ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၀,၇၅၀,၀၀၀ ကို ချီးမြှင့် ထောက်ပံ့ခဲ့ပါသည်။




**အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ၁၄ ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်**

ထိုင်းနိုင်ငံ၊ ပတ္တရားမြို့တွင် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ခုနှစ် အလွန်မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ၁၄ ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက် အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေး ဆိုင်ရာ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်နှင့် အရာထမ်းတစ်ဦး လိုက်ပါတက်ရောက်ခဲ့ပါသည်။ ၁၄ ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံအသိုက် အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေး ဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးက ယခုကဲ့သို့ အရေးကြီးသည့် အစည်းအဝေးကို လက်ခံကျင်းပခြင်းအတွက် အိမ်ရှင်ထိုင်းနိုင်ငံနှင့် ပူးတွဲဥက္ကဋ္ဌများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာ စီမံချက်မူကြမ်း ပထမအကြိမ် ဆွေးနွေးညှိနှိုင်းမှု ပြီးစီးရေး

အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အဆင့်မြင့် ကိုယ်စားလှယ်များအား ချီးမွမ်း ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်တွင် စကားပြေပုံစံဖြင့် ပြုစုကာ ဆက်လက် ဆွေးနွေးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် အာဆီယံစွမ်းဆောင်ရည် မြင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအမြစ်များ စုစည်း အသုံးချရေးအကြား ကွာဟချက် မရှိစေရန်အတွက် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသာမက သက်ဆိုင်ရာ အမျိုးသားအာဆီယံဌာနများ ခိုင်မာအားကောင်းရန်လည်း လိုအပ်ပါကြောင်းနှင့် သက်ဆိုင်ရာ မဟာဗျူဟာ စီမံကိန်းများ ရေးဆွဲရာတွင် အထက်မှအောက်သို့ လမ်းညွှန်ခြင်း (Top-Down Guidance) အပြင်အောက်မှ အထက်သို့ တင်ပြသည့် လုပ်ငန်းစဉ် (Bottom-Up Initiatives) ကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး မဏ္ဍိုင် ၃ ရပ်လုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံ ပေါင်းစည်း ဆက်သွယ်ရေးဆိုင်ရာ ကော်မတီတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ယင်း လုပ်ငန်းစဉ်များကို သင့်လျော်သည့်ကဏ္ဍတွင် ထည့်သွင်းရေး အကြံပြု ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို အကောင်အထည် ဖော်ခြင်းတွင် တိုးတက်မှုများကို မှတ်သားခဲ့ကြပြီး အကြံပြုချက်နှင့် အညီ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် အဆိုပြု လုပ်ငန်းစဉ်များကို စာရင်းပြုစုတင်ပြရန် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးအား တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့အပြင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်၏ ဖွဲ့စည်းပုံစံကို စကားပြေပုံစံပြောင်းလဲ ပြင်ဆင်ရန် တာဝန်ပေးအပ်ခဲ့ပြီး အာဆီယံစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမို ခိုင်မာ အားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များ ထည့်သွင်းဖော်ပြမည့် ကဏ္ဍကို သင့်လျော်သည့်အချိန်မှ စဉ်းစားဆုံးဖြတ်ရန် သဘောတူညီခဲ့ကြပါသည်။

အစည်းအဝေး ကာလအတွင်း အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အာဆီယံ လူမှု - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ် ညှိနှိုင်းရေး ဆိုင်ရာကော်မတီဥက္ကဋ္ဌများနှင့် မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ မဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာ စီမံချက်များ ရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့နောက် အာဆီယံ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံ အဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် မဏ္ဍိုင် ၃ ရပ်လုံးနှင့် သက်ဆိုင်ရာ လုပ်ငန်းစဉ်များအား ထည့်သွင်းဖော်ပြမည့် ကဏ္ဍသတ်မှတ်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ ဟန္နိုင်းကြေညာချက်နှင့် လမ်းပြမြေပုံနှင့်အညီ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် ၃ ရပ်တို့ အကြား နီးကပ်စွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ရေးဆွဲရန်အတွက် ၂၀၂၂ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ၁၅ ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျကာတာမြို့တွင်၂၀၂၄ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ၁၅ ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ အရာထမ်းတစ်ဦး လိုက်ပါ တက်ရောက်ခဲ့ပါသည်။ ၁၅ ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။




ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) ၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးမှုတွင် သိသာထင်ရှားသည့် တိုးတက်မှုများမှာ ကျေနပ်ဖွယ်ရာဖြစ်ပါကြောင်း၊ အာဆီယံ အသိုက်အဝန်း မဏ္ဍိုင်များအားလုံးနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီတို့အနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) ၏ မဟာဗျူဟာ စီမံချက်များ မူကြမ်းရေးဆွဲမှု အရှိန်မြှင့်တင်ရေးအတွက် မဏ္ဍိုင်များအကြား အပြီးသတ်ရေးဆွဲ တင်ပြရမည့် အချိန်ကာလကို သတ်မှတ်ရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းစဉ်အများစုတွင် မဏ္ဍိုင်များအားလုံးနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များစွာ ပါရှိသည်ဖြစ်ရာ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံပေါင်းစည်း ဆက်သွယ်ရေးဆိုင်ရာ ကော်မတီတို့နှင့် ယခုနှစ်ကုန်ပိုင်းတွင် ထပ်မံတွေ့ဆုံခြင်းဖြင့် မဟာဗျူဟာစီမံချက်များကိုအပြီးသတ်ဆွေးနွေးရန် အကြံပြုလိုကြောင်းဖြင့် ဆွေးနွေးခဲ့ပါသည်။ ထို့နောက် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာ စီမံချက်အပေါ် ခြုံငုံ၍ဆွေးနွေးရာတွင် ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် ပြိုင်ဆိုင်မှုများအကြား ဒေသတွင်း ဗိသုကာ တည်ဆောက်မှုပုံစံထွက်ပေါ်လာရေးတွင် အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံသဘောထားအမြင် အကောင်အထည် ဖော်ခြင်းနှင့် အာဆီယံ ဦးဆောင်သည့် ယန္တရားများမှ တစ်ဆင့် အာဆီယံအဓိကကျမှုကို ပိုမို ခိုင်မာအားကောင်းစေရန် အရေးကြီးကြောင်း၊ အာဆီယံတွင် လက်ရှိ ဆောင်ရွက်ဆဲယန္တရားအချို့ ပြုပြင်ပြောင်းလဲရေး စဉ်းစားရာမှာ အာဆီယံကို နိုင်ငံတကာက အသိအမှတ်ပြုထားသည့် “တူညီဆန္ဒဖြင့် ဆုံးဖြတ်သည့် အာဆီယံနည်းလမ်း” နှင့် “အာဆီယံစည်းလုံး ညီညွတ်မှု” ဟူသည့် ကောင်းမွန်သည့် သမိုင်းကြောင်းနှင့် အမွေအနှစ်များကို ထိန်းသိမ်းရန် အလွန်အရေးကြီးပါကြောင်းဆွေးနွေးခဲ့ပါသည်။ဆက်လက်ပြီး ဒုတိယဝန်ကြီးက အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သာတူညီမျှရှိမှု၊ အပြန်အလှန်လေးစားမှု၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုမှု၊ ဆုံးဖြတ်ချက်ချမှတ်သည့်

လုပ်ငန်းစဉ်တွင် တူညီဆန္ဒဖြင့် ဆောင်ရွက်သည့် အာဆီယံနည်းလမ်း၊ မျှဝေခြင်းနှင့် ဖေးမခြင်းဟူသည့် အာဆီယံ စိတ်ဓါတ်တို့ကို လေးစားလိုက်နာရန်နှင့် ယင်း အချက်များသည် ယနေ့ အာဆီယံအောင်မြင်နေမှု၏ အဓိကမောင်းနှင်စွမ်းအားများ ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအချို့တွင် လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများ ပေါင်းစည်းရာတွင် အာဆီယံစံနှုန်းများနှင့် တန်ဖိုးများကို ထိန်းသိမ်းရန် လိုအပ်ပါကြောင်း အလေးထားပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) ၏ အာဆီယံနိုင်ငံရေး နှင့်လုံခြုံရေး အသိုက်အဝန်း မဟာဗျူဟာစီမံချက် ဒုတိယအကြိမ် ညှိနှိုင်း ဆွေးနွေးမှု၏ တိုးတက်မှုများကို မှတ်သားခဲ့ကြပြီး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) နှင့် ၎င်း၏ မဟာဗျူဟာစီမံချက်များ ရေးဆွဲမှု၏ တိုးတက်မှုအစီရင်ခံစာမူကြမ်းကို ပြုစုတင်ပြရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့နောက် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်ခြင်းအား ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်မွမ်းမံခြင်းအတွက် အချိန်ကာလ သတ်မှတ်ရေး ဆွေးနွေးခဲ့ကြပြီး အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းမဟာဗျူဟာစီမံချက် မူကြမ်းကို အခြားမဏ္ဍိုင်များ ကိုးကားအသုံးပြုနိုင်ရန် မျှဝေသွားရန် သဘောတူညီခဲ့ကြပါသည်။ ဆက်လက်ပြီး အာဆီယံ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များထည့်သွင်းဖော်ပြမည့် ကဏ္ဍကို သင့်လျော်သည့်အချိန်မှ စဉ်းစားဆုံးဖြတ်ရန် သဘောတူညီခဲ့ကြပါသည်။ ဆက်လက်ပြီး အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ (၁၄) ကြိမ် မြောက်အစည်းအဝေး၏ အစီရင်ခံစာအား အတည်ပြုခဲ့ကြပါသည်။

အစည်းအဝေးကာလအတွင်း အာဆီယံပါလီမန်များ ညီလာခံ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အင်ဒိုနီးရှား နိုင်ငံရှိ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အမှုဆောင်ညွှန်ကြားရေးမှူးတို့နှင့် မျက်နှာစုံညီ အစည်းအဝေးပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ၎င်းတို့၏ လုပ်ငန်းစဉ်များနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်ခြင်းတွင် ပံ့ပိုးဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဦးစားပေး လုပ်ငန်းစဉ်များနှင့် အနာဂတ်စိန်ခေါ်မှုများကို ဆွေးနွေးကာ အကြံပြုချက်များကို တင်ပြခဲ့ကြပါသည်။ သက်ဆိုင်ရာ ကိုယ်စားလှယ်များက တင်ပြလာသည့် အကြံပြုချက်များနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့သည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ ဟန်ချက်ညီညာချက်နှင့် လမ်းပြမြေပုံနှင့်အညီ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ရပ်တို့အကြား နီးကပ်စွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ရေးဆွဲရန်အတွက် ၂၀၂၂ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။



## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/ အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံး ပေးဆပ်ရန် အသိပေး ကြေညာခြင်း

ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေး လုပ်ငန်းများအားချေးငွေသက်တမ်း ၁နှစ်(အတိုးနှုန်း ၁%) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ စတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း ၁ နှစ် ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယ အကြိမ် ၆ လနှင့် တတိယအကြိမ် ၁နှစ်နှင့်စုစုပေါင်း ၃ နှစ် အထိ ချေးငွေ သက်တမ်းများ တိုးမြှင့်ဆောင်ရွက် ပေးခဲ့ ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက် ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေ နှင့်တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/ လုပ်ငန်းများ အနေဖြင့် ချေးငွေ အတိုး/ အရင်းများကို **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီ** အမြန်ဆုံး အပြေအကျေ ပြန်လည်ပေးဆပ်ပါရန် အသိပေး ကြေညာချက်အား ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်း ကော်မတီမှ ထွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များ၊ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကိုဗစ်-၁၉ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ၃ နှစ် ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် သတိပေးချက်အမျိုးမျိုးကိုလည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ချေးငွေပေးဆပ်သည်မှာ နည်းနေပါကြောင်း၊ ယနေ့ အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးရခြင်းမှာ ၂၀၂၄ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂/၂၀၂၄) ကြိမ်မြောက် ကုစားရေးလုပ်ငန်း ကော်မတီ အစည်းအဝေး၌ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားပြီး ၃ နှစ်ပြည့်ပြီးသည့် ကုမ္ပဏီ/ လုပ်ငန်းများ၏ ချေးငွေ ပြန်လည်ပေးဆပ်မှုသည် နှေးကွေးနေပါကြောင်း၊ ပြန်လည်ပေးဆပ်မှု အခြေအနေများကို ကော်မတီသို့ တင်ပြရာတွင် ကော်မတီမှ ပုဂ္ဂလိကဘဏ်များအနေဖြင့် တာဝန်ယူမှု တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ပုဂ္ဂလိကဘဏ်များဖြင့် တွေ့ဆုံ ဆွေးနွေးရန် ကော်မတီမှ လမ်းညွှန်းပါသဖြင့် ယခုကဲ့သို့ တွေ့ဆုံ ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဘဏ် ၆ ဘဏ်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ အရင်းအတိုး ပြန်လည် ပေးဆပ်မှုသည် အရင်းအကျေ ပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်း ၁၂၂ ခု ရှိပါကြောင်း ဆွေးနွေးပြောကြားပါသည်။

အစည်းအဝေး တက်ရောက်လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေ ပြန်လည် ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ကုစားရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်ပါဝင်သည့် လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ချေးငွေစိစစ်ကြပ်မတ်ရေးဥက္ကဋ္ဌများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကိုဗစ်-၁၉ ရန်ပုံငွေမှထုတ်ချေးထားသည့်ချေးငွေများသည် ဆုံရှုံးမှုမရှိစေရေးနှင့် ချေးငွေရယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များထံမှ အတိုးအရင်း ပြန်လည်ကောက်ခံနိုင်ရေး ရည်ရွယ်ပါသည်။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ကိုဗစ်-၁၉ ရန်ပုံငွေ ကျပ် ၂၀၀ ဘီလီယံမှ ထုတ်ချေးခဲ့ရာတွင် နိုင်ငံတော်သို့ ကျပ် ၇၀ ဘီလီယံ ပြန်လည်ပေးဆပ်ပြီးဖြစ်ပါကြောင်း၊ ငွေကျပ် ၁၃၀ ဘီလီယံ ပေးဆပ်ရန် ကျန်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကုစားရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ကျင်းပခဲ့ရာတွင် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၏ ဆွေးနွေးချက်များကို တင်ပြရာတွင်ချေးငွေများကို အမြန်ဆုံးပြန်လည်ရရှိစေရန် ကောက်ခံရမည့် နည်းလမ်း၊ ချေးငွေများကို ထုတ်ချေးခဲ့ရာတွင် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ၃ နှစ်ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်မှလည်း ချေးငွေကာလကို ၃ နှစ်အထိသာ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၃နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် ကြားကာလတွင် အစည်းအဝေးများခေါ်ယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များထံသို့ ကုစားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှလည်း စာဖြင့် အကြောင်းကြားခဲ့ပြီး ချေးငွေရယူထားသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်းကိုလည်းပေးပို့ခဲ့ပါကြောင်း၊သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ချေးငွေစိစစ်ကြပ်မတ်ရေးဥက္ကဋ္ဌများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၃ လအတွင်း တွန်းတွန်းတိုက်တိုက်ဆောင်ရွက်ခဲ့သည့်အတွက် ပြန်လည်ပေးဆပ်မှု ပမာဏတိုးလာခဲ့ပါကြောင်း၊ ချေးငွေပေးဆပ်မှုကို ရှင်းလင်းတင်ပြရန် လိုအပ်ပါကြောင်းနှင့် ချေးငွေပြန်လည်ရရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်း စီမံခန့်ခွဲမှုအစီအစဉ်ကို ပြီးခဲ့သည့် အစည်းအဝေးတွင် ဆွေးနွေးလမ်းညွှန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အသိပေးအကြောင်းကြားစာ ၃ ကြိမ် ပေးပို့ခဲ့ပြီးဖြစ်၍ သက်ဆိုင်ရာဌာနများမှ လုပ်ငန်းရှင်များသို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုညှိနှိုင်းလိုသည့် အချက်မှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ နောက်ဆုံးထား၍ ချေးငွေများ ပေးဆပ်ရန် သက်ဆိုင်ရာဌာနများမှ အကြောင်းကြားပေးစေလိုပါကြောင်းနှင့် အကြောင်းကြားရာတွင် ဆက်သွယ်၍ရသည့် လုပ်ငန်းများနှင့် ဆက်သွယ်၍မရသည့် လုပ်ငန်းများရှိသော်လည်း အကြောင်းကြားရမည့် တာဝန်မှာ ကော်မတီ၏ လုပ်ငန်းတာဝန်ပင်ဖြစ်ပါကြောင်း၊ ချေးငွေပြန်လည် ရရှိရေးအတွက် သက်ဆိုင်ရာဘဏ်များမှာ လုပ်ငန်းရှင်များသို့ အသိပေး အကြောင်းကြားရမည့်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှု နည်းလမ်းအရ အရေးယူမည့်ဖြစ်သည့်အတွက် အရေးယူရမည့်နည်းလမ်းကို ကော်မတီအနေဖြင့် သိရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့ ဥက္ကဋ္ဌများအနေဖြင့် မိမိတို့တွင် ချေးငွေနှင့်စပ်လျဉ်းသည့် စာရင်းအချက်အလက်များ ရှိနေ၍ အဓိအားဖြင့် ချေးငွေများ ပြန်လည်ရရှိရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် အကြံပြုချက်များကို ဆွေးနွေးပေးရန် ပန်ကြားအပ်ပါကြောင်း၊ စီမံခန့်ခွဲမှု နည်းလမ်းအရ သတင်းစာတွင် ကြေညာမည်ဖြစ်ကြောင်းနှင့် Classificationအရအပြေအကျေဆပ်ပြီးသူများ လုံးဝမပါရှိရန် လိုအပ်ကြောင်း အလီလီ ပေးဆပ်သူစာရင်းများ မပါရှိရန် လိုအပ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး

ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းများ အသင်းချုပ် (UMFCCI )မှ ဦးအောင်စိုးသာတို့ ဆွေးနွေးခဲ့သည့်အတိုင်း အုပ်စုအဖွဲ့များခွဲရာတွင် အပြေအကျေဆပ်ပြီး စာရင်းအား MEB ဘဏ်မှသာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ MEBဘဏ်တို့ ညှိနှိုင်းပေးရန်မှာ အဆက်အသွယ်မရသည့်စာရင်း အရင်းပေးဆပ်မှုမရှိသည့် စာရင်းတို့ ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး တက်ရောက်လာကြသူများက ကော်မတီ၏ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြားပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# DICA သတင်းကဏ္ဍ

## အာဆီယံ- အာရပ်ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်ခြင်း



ဆော်ဒီအာရေဗျနိုင်ငံ၊ ရီယာဒ်မြို့တွင် ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် အာဆီယံ-အာရပ်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုစသည့် စီးပွားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များမြှင့်တင်ကာ အာဆီယံနှင့်အာရပ်ပင်လယ်ကွေ့ အဖွဲ့ဝင်နိုင်ငံများအကြား ဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် မိတ်ဖက်ဆက်ဆံရေး ခေါင်းစဉ်များဖြင့် လည်းကောင်း၊ စွမ်းအင်၊စိုက်ပျိုးရေးနှင့်အစားအစာဖူလုံရေး၊ ခရီးသွားလာရေး၊ ခေတ်မီမြို့တော်များ၏ နည်းပညာဆိုင်ရာ သီးသန့်ဆွေးနွေးမှုများဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အာရပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာရှပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီမှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ညွှန်ကြားရေးမှူးချုပ်သည် ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး ညနေပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ညွှန်ကြားရေးမှူးချုပ်သည် အာရပ်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် အာရှအလယ်ပိုင်း ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ လေ့လာသူအဖြစ် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တက်ရောက်ခဲ့သည်။ ဖိုရမ်တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စိုက်ပျိုးရေးနှင့် အစားအစာဖူလုံရေး စသည့်ကဏ္ဍများ အပေါ် သီးသန့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၇ ခုကိုခွင့်ပြုခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် နေပြည်တော်ရှိရုံးအမှတ်(၁၈)၊အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ နိုင်ငံခြားနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၇ ခုကို ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၉.၂၈၁ သန်းနှင့် ကျပ် ၂၈၂,၇၀၂.၈၉၅ သန်း ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁,၄၂၃ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈.၄၇ % ဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၃ % ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၇ % ဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပွင့်လင်းမြင်သာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ်တပ်ဆင် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ခာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၆ ခုကို ခွင့်ပြုခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈)၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ လျှပ်စစ်ခာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အသစ် ၆ ခု ကို ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃.၉၁၁ သန်း နှင့် ကျပ် ၈၄၅,၅၀၀.၈၇၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ခာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ခရီးသွားကဏ္ဍ တိုးမြှင့်စေမည့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၄ ခုနှစ်၊ မတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈.၄၈ % ဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝခာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၄ % ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၃ % ဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



## နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပခြင်း

၂၀၂၃ ခုနှစ်အတွက် မြန်မာနိုင်ငံအတွင်းသို့ စီးဝင်လာခဲ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမှန်စာရင်းပြုစုနိုင်ရေးနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု သဘောတရားများ၊ Survey Form ဖြည့်နည်းတို့ကို သိရှိနားလည် သဘောပေါက်စေရန် ရည်ရွယ်၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ စတင်ကျင်းပခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်အေးဟန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲမှဘာသာရပ်ကျွမ်းကျင်သူများနှင့် ပြင်ပ **Outsourcing** မှ **Financial & Accounting** ကုမ္ပဏီ၏ ကျွမ်းကျင်ပညာရှင်တို့က **FDI Concept ၊ Definition ၊ Methodologies** နှင့် **Survey Questionnaire Form** ဖြည့်သွင်းနည်းများကို ဆွေးနွေးပို့ချခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ၂ ရက်ကြာကျင်းပမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တစ်ရက်လျှင် ကုမ္ပဏီ ၄၅ ခုနှုန်းဖြင့် စုစုပေါင်း ကုမ္ပဏီပေါင်း ၉၀ ခုတို့၏ အထွေထွေမန်နေဂျာများ၊ **Financial Controller** များ၊ **Chief Accountants** များနှင့် **Accountants** များ ပါဝင်သည့် ကိုယ်စားလှယ် ၁၇၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲရလဒ်အဖြစ် ယခု တက်ရောက်လာသော ကုမ္ပဏီများနှင့် ယခင် Survey များတွင် ပူးပေါင်းပါဝင် ခဲ့သည့် ကုမ္ပဏီ ၁၅၀ ခု စုစုပေါင်း ၂၅၀ ခုအတွက် Survey ကောက်ယူမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမှန်စာရင်းအား ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် မလိခခန်းမ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၀.၁၂၅ သန်း ရင်းနှီးမြှုပ်နှံမည့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၀၀ ခု ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။






## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေး ကျင်းပခြင်း

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့် ကရင်ပြည်နယ်စီးပွားရေးရာ ဝန်ကြီးဦးစောခင်မောင်မြင့် အပါအဝင် အဖွဲ့ဝင် ၆ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူထံမှ တင်ပြလာသော အတည်ပြုမိန့်လျှောက်ထားလွှာ အားစိစစ်ခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



## တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးမှခွင့်ပြုခဲ့သည့်အတည်ပြုမိန့်ဖြင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းနှင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအား ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း ဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့တွင် တည်းခိုရိပ်သာ (မိုတယ်) ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ၂၀၂၄ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် ကော်မတီက ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၌ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခု ကို အတည်ပြုခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ ၁၂၈၀ သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၃ နေရာ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ဆက်လက်၍ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှု ပေးခဲ့သည့် လုပ်ငန်းအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။

## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ သန့်စင် ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ၂၀ ရက်နေ့တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီက ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုအား အတည်ပြုပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီ အဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုနှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခု၊ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ပဲအမျိုးမျိုး၊ နှမ်းနှင့် ပြောင်း ကြိတ်ခွဲသန့်စင် ထုတ်ပိုး၍ ၁၀၀ ရာခိုင်နှုန်း ပြည်ပ တင်ပို့ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် စက္ကူအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့်CMPစနစ်ဖြင့်သတို့သမီး ဝတ်စုံများ ချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ မြန်မာငွေ ကျပ် ၄၀၀၀.၀၀၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၄.၁၀၃ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁,၉၅၂ ဦး အတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၅ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် ဟိုတယ်ဝန်ဆောင်မှု ကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ခု နှင့် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃ ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ် ဖြင့်အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း၊ CMPစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMPစနစ်ဖြင့် သတို့သမီးဝတ်စုံ အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ မြန်မာငွေကျပ် ၁၅၅၅.၈၀၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၃.၇၃၉ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၂,၃၀၁ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါ သည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၉ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်းနှင့် တည်ဆောက်ရေးကာလ ပြင်ဆင်ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများ၏ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု အားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့ရှိ Manufacture of Structural Metal Products ဆောက်လုပ်ရေး လုပ်ငန်း သုံးပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အလူမီနီယံပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေနှင့် တည်ဆောက်ရေး ကာလအတွင်း ပြင်ဆင်ဆောင်ရွက် လျက်ရှိသည့် အခြေအနေ၊ မီးဘေးအန္တရာယ်ကာကွယ်ရေး နှင့် မီးအာမခံထားရှိမှုအခြေအနေ၊ တွေ့ကြုံရသည့် အခက် အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်းများ၏ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် ရွှေပြည်သာ မြို့နယ်တို့ရှိ CMP စနစ်ဖြင့် သတို့သမီးဝတ်စုံ ချုပ်လုပ်ခြင်း လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် နားကြပ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းနှင့်ဆန်ကြိတ်ခွဲခြင်း၊ ဆန်ဖွတ်ချောသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများ၏ စီးပွားဖြစ်စတင် လည်ပတ်ထုတ်လုပ်ရန် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အတည်ပြုမိန့် ရယူရန် လျှောက်ထားလာသော CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းများ၏ မြေပြင်အခြေအနေများကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်မှု အခြေအနေ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကွန်ကရစ်တိုင်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းတို့အတွက် အတည်ပြုပေးနိုင်ခဲ့ပြီး အတည်ပြုမိန့် ပေးအပ်ပြီးသော ဟိုတယ်လုပ်ငန်းတစ်ခု၏ တည်ဆောက်ရေး ကာလ သက်တမ်းတိုးခြင်းတို့အတွက်တင်ပြလာမှုများကိုဆွေးနွေးခဲ့ကြပါသည်။



## ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး ကော်မတီ၏ ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ပိုင် ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် ပုသိမ်မြို့နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် **CMP** စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းသို့ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ဧရာဝတီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြု ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အဆိုပါ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အပံ့ ဖြစ်စေခဲ့ပါသည်။




## ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက် ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ဖွဲ့နုဆီကြမ်း ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း ၁ ခု၊ CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ၁ ခု၊ ဟိုတယ် လုပ်ငန်း ၁ ခု နှင့် ဆန်ထုတ်လုပ် တင်ပို့ခြင်းလုပ်ငန်း ၁ ခု တို့ကို အတည်ပြုခဲ့ပါသည်။



## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အအေးခန်းသိုလှောင်ရုံ တည်ဆောက်၍ မျိုးအာလူးနှင့် ချင်း(ဂျင်း)များ သိုလှောင်ဝန်ဆောင်မှုပေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုမိန့် လျှောက်ထားတင်ပြလာခြင်းအပေါ်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ်သန်း ၂၃၉၂.၃၉၉ နှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၁ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇ ခု ရင်နှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆.၁၆၃ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၁၅ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၇.၁၉၉ သန်း အပါအဝင် ကျပ်သန်း ၃၈၂၂၀.၇၄၄ ကို ခွင့်ပြုပေးထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်ခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၁၄၂၃ ဦးနှင့် ပြည်ပ ၆၈ ဦးကို ဖန်တီးပေးနိုင်ခဲ့ပါသည်။



## ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းစစ်ဆေးခြင်း

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏အတွင်းရေးမှူးသည် ဘော်နင်းကျေးရွာအုပ်စု၊ ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် စက်အုတ်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းသို့ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ တွင် သွားရောက် ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက် နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ အတွင်းရေးမှူးက ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လျာထားချက်များနှင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပါသည်။



# FERD သတင်းကဏ္ဍ

MIFER
BULLETIN
2/2024

## ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနကွန်ရက် (Global Development Promotion Center Network) ၏ သတ္တမအကြိမ် ညွန်ကြားရေးမှူးချုပ်အဆင့်စကားဝိုင်းဆွေးနွေးပွဲ

Global Development Promotion Center Network ၏ သတ္တမအကြိမ် ညွန်ကြားရေးမှူးချုပ် အဆင့် စကားဝိုင်း ဆွေးနွေးပွဲကို တရုတ်နိုင်ငံ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency-CIDCA) က ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများအပါအဝင် စုစုပေါင်း ကိုယ်စားလှယ်ဦးရေ ၆၈ ဦး ကျော်ခန့် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှနိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့် နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ချုပ် ဒေါ်သွေးသွေးချစ်တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် GDPC ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများ၊ တရုတ်ဖွံ့ဖြိုးတိုးတက်မှုဘဏ် (CDB)၏ အထူးရန်ပုံငွေအား မိတ်ဆက်ရှင်းလင်းခြင်းနှင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှု လုပ်ငန်းများအတွက် အွန်လိုင်းသင်တန်း ဖွင့်လှစ်ရေး အစီအစဉ်တို့ကို မိတ်ဆက် ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

## (၂၁) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ပူးတွဲကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပခြင်း

(၂၁) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသ ပူးတွဲကော်မတီ အစည်းအဝေးကို နယူးဇီလန်နိုင်ငံ၊ အော့(ခ်)ကလန်မြို့ တွင် ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ Hybrid စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် အာဆီယံအတွင်းရေး မှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပူးတွဲကော်မတီခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်၊ ဒေါက်တာမာလာမျိုးညွန့် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် ဘရူနိုင်း နိုင်ငံ၊ ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဌာနခွဲမှ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Nor Zerlina Momin ၊ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ် ရေးဌာနမှ လက်ထောက်အတွင်းဝန် Mr. Richard Emerson-Elliott နှင့် နယူးဇီလန်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှဌာနခွဲ မန်နေဂျာ Mr. Hamza Haidon တို့က ဆောင်ရွက်ခဲ့ကြပါသည်။

(၂၁)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ



သဘောတူစာချုပ် (AANZFTA) ကို ပြင်ဆင်မည့် ဒုတိယ အခြေပြ စာချုပ်အသက်ဝင်ရေးအတွက် ကြိုတင်ပြင်ဆင် မှုများ၊ AANZFTA ပူးတွဲ ကော်မတီ၏ လုပ်ငန်းအစီအစဉ် နှင့် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ AANZFTA ပူးတွဲ

ကော်မတီအောက်ရှိ ဆပ်ကော်မတီများ၏ အစီရင်ခံတင်ပြမှုများ၊ Stakeholder များနှင့် ဇွေစပ်ညှိနှိုင်းမှုများနှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ခြင်း ဆိုင်ရာ အထောက်အကူပြု အစီအစဉ်စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

ပူးတွဲကော်မတီ အစည်းအဝေးနှင့်အတူ (၂၄) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ကုန်စည်ကုန်သွယ်ရေးကော်မတီ အစည်းအဝေးနှင့် (၂၈) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆပ်ကော်မတီ အစည်းအဝေးများသို့ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နှင်းအေးနု ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

### နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Ouyang Daobing တို့အကြား မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း

တရုတ်နိုင်ငံမှ ပေးအပ်သော အကူအညီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်နိုင်ငံသံရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးတို့အကြား Bilateral Consultation Meeting များကို လူကိုယ်တိုင် (သို့မဟုတ်) Virtual စနစ်ဖြင့် ၂၀၂၃ ခုနှစ်၊ မေလမှစ၍ ပုံမှန်ကျင်းပခဲ့ရာ (၇) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။




### ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr.Amit Shreeansh အားလက်ခံ တွေ့ဆုံခြင်း

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်သည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Amit Shreeansh အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့၊ ၁၀၀၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၃) ၌ လက်ခံတွေ့ဆုံခဲ့သည်။




တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

## အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ နိုင်ငံသားကဲ့သို့ တန်းတူအခွင့်အရေးပေးရေးနှင့် ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေး၏ ပထမအကြိမ် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN-India Trade in Goods Agreement-AITIGA) ပြန်လည်သုံးသပ်ရေးဆိုင်ရာ နိုင်ငံသားကဲ့သို့ တန်းတူအခွင့်အရေးပေးရေးနှင့် ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာဆပ်ကော်မတီ (Sub-Committee on National Treatment and Market Access- SC-NTMA) ၏ ပထမအကြိမ် ကြားဖြတ်ညှိနှိုင်းအစည်းအဝေး ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ၏ SC-NTMA ကော်မတီခေါင်းဆောင်ဖြစ်သူ ဒေါ်နှင်းအေးနု ပါဝင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး၊ နိုင်ငံစုံကုန်သွယ်မှု မူဝါဒနှင့် ညှိနှိုင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး Mr. Ravi CK Raman နှင့် အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကုန်သွယ်ရေးဌာန၊ တွဲဖက်အတွင်းရေးမှူး Mr. Siddharth Mahajan တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အကောက်ခွန်ထပ်မံ ဖြေလျှော့ပေးရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အချက်အလက်များ ဖလှယ်ခြင်း၊ အာဆီယံ - အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (AITIGA) အောက်ရှိ အကောက်ခွန် ကတိကဝတ်ဇယားများ ချိတ်ဆက်ကူးပြောင်းခြင်း၊အကောက်ခွန်ထပ်မံဖြေလျှော့ပေးရေးအတွက် Modalities ၊ နိုင်ငံသားကဲ့သို့ တန်းတူ အခွင့်အရေးပေးရေးနှင့် ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ AITIGA အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များနှင့် SC-NTMA က ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ စသည် တို့ကိုဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။




## အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆပ်ကော်မတီ၏ ဒုတိယအကြိမ် အာဆီယံသီးသန့်အစည်းအဝေးကျင်းပခြင်း

အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN-India Trade in Goods Agreement-AITIGA) ပြန်လည်သုံးသပ်ရေးဆိုင်ရာ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆပ်ကော်မတီ (Sub-Committee On Economic And Technical Coop-eration-SC-ETC) ၏ ဒုတိယအကြိမ် အာဆီယံ သီးသန့် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ၏ SC-ETC ကော်မတီ ခေါင်းဆောင်ဖြစ်သူ ဒေါ်နှင်းအေးနု ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဌာနခွဲမှ အကြီးတန်း ညွှန်ကြားရေးမှူး Dr. Sugumari S. Shanmugam က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အောက်ရှိ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအတွက် ဆောင်ရွက်ရန် အလားအလာရှိသည့် နည်းလမ်းများနှင့် SC-ETC က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များ အပေါ် ဆွေးနွေးခဲ့သည်။


အစည်းအဝေးသို့ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှုဌာနခွဲမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။




## အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ စတုတ္ထ အကြိမ် ပူးတွဲကော်မတီ အစည်းအဝေးကျင်းပခြင်း

အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN-India Trade in Goods Agreement-AITIGA) ပြန်လည်သုံးသပ်ရေးဆိုင်ရာ စတုတ္ထအကြိမ် ပူးတွဲ ကော်မတီ အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ပူထရာဂျာရာ မြို့၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါ်နှင်းအေးနုက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက် ရောက်ခဲ့သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ ကုန်သွယ်မှုဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူး Ms. Mastura Ahmad Mustafa နှင့် အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဌာန တွဲဖက် အတွင်းရေးမှူး Mr. Rajesh Agrawal တို့က ပူးတွဲ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသို့



အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်တက် ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ - အိန္ဒိယ ကုန်စည်ကုန် သွယ်ရေး သဘောတူစာချုပ် (AITIGA) အကောင်အထည် ဖော်ဆောင်ရွက်မှု၊ AITIGA ပြန်လည်သုံးသပ်ရေးဆိုင်ရာ လေ့လာမှု၊ AITIGA သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တင်ပြသည့် အစီရင်ခံစာများ၊ AITIGA ပြန်လည်သုံးသပ် ရေးညှိနှိုင်းမှုအတွက် လုပ်ငန်းအစီအစဉ် စသည်တို့အပေါ် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီး ဌာန၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှု ဌာနခွဲမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။


## (၂၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေး ကျင်းပခြင်း

(၂၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရေး ကော်မတီ (ASEAN-Korea Free Trade Area Implementing Committee – AKFTA-IC) အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကိုရီးယားသမ္မတ နိုင်ငံ၊ ဆိုးလ်မြို့တွင် Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူး ဒေါ်နှင်းအေးနု ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ပါဝင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာဆီယံဌာနခွဲမှ ညွှန်ကြားရေးမှူး Ms. Alpana Royနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ် ရေး၊စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Changyong Ahn တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင် နိုင်ငံ ၈ နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော် ရေးကော်မတီ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက in-person စနစ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် လည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အောက်မှ အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူ စာချုပ်ကို ပြင်ဆင်သည့် တတိယ အခြေပြ စာချုပ် အသက်ဝင်ခြင်း ဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှု ဒေသ (AKFTA) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အာဆီယံ -ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (AKEC Fund)သို့ ကိုရီးယားနိုင်ငံကထည့်ဝင်မှုအခြေအနေ၊ AKEC Fundဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် စီမံကိန်းများနှင့် ရန်ပုံငွေ အသုံးပြုမှု အခြေအနေ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ (AKFTA)အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ၂၀၂၄ -၂၀၂၅ခုနှစ်အတွင်း AKFTA-ICကဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီး ဌာန၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှု ဌာနခွဲမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။



# ပြည်တွင်း/ ပြည်ပ သတင်းကဏ္ဍ

## ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာထုတ်ပြန်ထားရှိမှုများ

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ကုန်တင်ပို့ခြင်းကို ရန်ကုန်- ကော့သောင်း -ရနောင်းနှင့် သွင်းကုန်တင်သွင်းခြင်းကို ရနောင်း - ကော့သောင်း - ရန်ကုန်မှ နယ်စပ် ကုန်သွယ်ရေးနည်းလမ်း (Border Trade Method) ဖြင့် ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာ စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် အသိပေးကြေညာချက် ထုတ်ပြန်ထားမှုနှင့် ပတ်သက်၍ ၁၁-၄-၂၀၂၄ ရက်နေ့တွင် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ထားပါသည်။

သွင်းကုန်လိုင်စင် ကြိုတင်ရယူရန်မလိုဘဲ အကောက်ခွန် ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် အညီ အကောက်ခွန် ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းနှင့်ပတ်သက်၍ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၁၆/၂၀၂၃) ဖြင့် အသိပေး ထုတ်ပြန်ခဲ့ရာ လက်ရှိဆောင်ရွက်နေသည့် ကုန်သွယ်မှု လုပ်ငန်းစဉ်များအား ကုန်ပစ္စည်းများကို ကန့်သတ်အရေအတွက်ဖြင့် အကောက်ခွန် ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၂/၂၀၂၄) ဖြင့် ထုတ်ပြန်ထားပါသည်။

ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)ကို ရည်ညွှန်း၍ **"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် လိုင်စင်မရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါ တင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူသွားမည်"** ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ (၅၀/ ၂၀၂၀) ဖြင့် ထုတ်ပြန်ထားရာ ယခုအခါ ၁-၇-၂၀၂၄ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ် တွေ့ရှိပါက သွင်းကုန်ပစ္စည်းများကို ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်ထားမှုနှင့်ပတ်သက်၍ ၃၀-၅-၂၀၂၄ ရက်နေ့တွင် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားပါသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၃ /၂၀၂၄ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်သို့ ကြိုတင်ရောက်ရှိလာသော ကုန်ပစ္စည်းများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာခြင်း**

၁။ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)ကို ရည်ညွှန်း၍ **"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်မရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်"** ဟု ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ထို့အပြင် သွင်းကုန်လိုင်စင်(ပါမစ်အပါအဝင်)ခွင့်ပြုချက်မရဘဲ ဆိပ်ကမ်း၊ လေဆိပ်သို့ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၅-၄-၂၀၂၂ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ(၆/၂၀၂၂) ဖြင့်လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၅-၄-၂၀၂၄ ရက်စွဲပါ အသိပေးကြေညာချက်ဖြင့်လည်းကောင်း ထပ်မံအသိပေး ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါသွင်းကုန်ပစ္စည်းများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန


## ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးတိုးမြှင့်ရန်အတွက် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်ကို ရေးထိုးခဲ့ခြင်း

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရန်အတွက် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုင်းနှင့် သီရိလင်္ကာ နှစ်နိုင်ငံစလုံးအတွက် ဈေးကွက် အခွင့်အလမ်းများ တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံ စီးပွားရေး တိုးတက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ သည်။ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (Free Trade Agreement - FTA) သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို အကျုံးဝင်စေပြီး နှစ်နိုင်ငံစလုံး၏ ပုဂ္ဂလိကကဏ္ဍများအတွက် ကြီးမား သော စီးပွားရေး အခွင့်အလမ်းများကို ရရှိစေမည်ဖြစ်ပါ သည်။

လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်သည် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် အစိတ်အပိုင်းများ၊ အထည် အလိပ်များ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ယန္တရားများ၊ သံမဏိ ထုတ်ကုန်များ၊ စက္ကူ၊ ပြုပြင်ထားသော အစားအစာနှင့် တိရစ္ဆာန်အစာများကို တင်ပို့ရာတွင် အကျိုးရှိမည်ဖြစ်ပြီး နှစ်နိုင်ငံအကြားလွတ်လပ်သော လေကြောင်းဝန်ဆောင်မှု များကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှု အားကောင်းလာစေရန် ရည်ရွယ်၍ ကိုလံဘို တွင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (FTA) ကို တရားဝင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူစာချုပ် (FTA) သည် နှစ်နိုင်ငံအကြား ဒုတိယ မြောက်ချုပ်ဆိုသောသဘောတူစာချုပ်(FTA)ဖြစ်သည်ဟု လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည့် ဝန်ကြီးချုပ် Srettha က ပြောကြားခဲ့သည်။

၎င်း၏ ဖေ့စ်ဘွတ်ခ်ပို့စ်တွင်၊ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (FTA) သည် ထိုင်းနိုင်ငံအား တောင်အာရှရှိ အခြားဈေးကွက်များသို့ ကုန်သွယ်မှုကို ကျယ်ပြန့်လာစေမည်ဖြစ်ပြီး၊ သီရိလင်္ကာနိုင်ငံသည်လည်း ထိုင်းနိုင်ငံကို အခြေပြု၍ အခြားအာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းကို ရရှိအသုံးပြု သွားမည် ဖြစ်ကြောင်း ၎င်းကဖော်ပြခဲ့သည်။



## သီရိလင်္ကာ အခြေခံအဆောက်အအုံနှင့် အခွန်ဆိုင်ရာ အထူးအခွင့်အရေးများကို အသုံးချရန် ထိုင်းကုမ္ပဏီများအတွက် အခွင့်အလမ်းများ

သီရိလင်္ကာတွင် ထိုင်းကုမ္ပဏီများ အများအပြား ရောက်ရှိပြီး လုပ်ငန်းလည်ပတ်နေပြီဖြစ်သောကြောင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (FTA) အရ သီရိလင်္ကာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များကို အခြားနိုင်ငံများနှင့် ကုန်သွယ်မှု တိုးချဲ့ ဆောင်ရွက်ရာတွင် အဆိုပါ ကုမ္ပဏီများအတွက် အခွင့်အလမ်း ဖန်တီးပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က အလေးပေးပြောကြားခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံအကြား လေကြောင်းခရီးသွား ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်သည် နှစ်နိုင်ငံအကြား ဗီဇာကင်းလွတ်စွာ ခရီးသွားလာနိုင်ရေးနှင့် ထိုမှတစ်ဆင့် လေကြောင်းခရီးသွားလာမှုကို မြှင့်တင်ရန်နှင့် ကုန်သွယ်မှုဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန် မျှော်လင့်ပါသည်။



## သန့်ရှင်းသောစွမ်းအင်၊ ရေကြောင်းလုံခြုံရေးနှင့်  ငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း

ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့သည် သန့်ရှင်းသောစွမ်းအင်၊ ရေကြောင်းလုံခြုံရေးနှင့် သီရိလင်္ကာနိုင်ငံရှိ ငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။ Thai Airways International သည် မတ်လ ၃၁ ရက်တွင် ဘန်ကောက်နှင့် ကိုလံဘိုကြားခရီးစဉ်ကို စတင်ပျံသန်းတော့မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည် ဖြစ်ပါသည်။









## ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံး ကုမ္ပဏီ ၁၀၀ စာရင်းတွင် ဗီယက်နမ်နိုင်ငံမှ လျှပ်စစ်မော်တော်ယာဉ် ကုမ္ပဏီ Vin Fast ပါဝင်ခြင်း

လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်သည့် Vin Fast ကုမ္ပဏီသည် Google, Microsoft နှင့် Amazon တို့နှင့် အတူ Time မဂ္ဂဇင်းကရွေးချယ်သည့် ၂၀၂၄ ခုနှစ်အတွက် လွှမ်းမိုးမှုအရှိဆုံး ကုမ္ပဏီများစာရင်းတွင် ဗီယက်နမ်နိုင်ငံမှ တစ်ခုတည်းသော ကုမ္ပဏီအနေဖြင့်ပါဝင်ခဲ့သည်။ ယခုအကြိမ်သည် အမေရိကန်အခြေစိုက် Time မဂ္ဂဇင်းမှ သုံးနှစ်မြောက် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီသည် ပထမဆုံးအကြိမ်အနေဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ Vin Fast သည် ၎င်းတို့၏ စက်ရုံကို ၂၁ လ အတွင်းလျှင်မြန်စွာတည်ဆောက်ခဲ့သောကြောင့် လျှပ်စစ်မော်တော်ယာဉ် နယ်ပယ်အတွက် ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှုဖြစ်ပေါ်စေခဲ့ကြောင်း Time မဂ္ဂဇင်းကဖော်ပြခဲ့ပါသည်။

Time မဂ္ဂဇင်းသည် Vinfast ၏ နယူးယောခ်စတော့အိတ်ချိန်းတွင် ၎င်းတို့၏ ရှယ်ယာများကို ပထမဆုံး ရောင်းချသည့် နှစ်ပတ်ကျော်ကာလတွင် ရှယ်ယာတန်ဖိုး ၇၀ ရာခိုင်နှုန်း တိုးတက်ခဲ့မှု၊ မော်ဒယ်မြင့် လျှပ်စစ်မော်တော်ယာဉ်များနှင့် ဘတ်ထရီများ ရောင်းချနိုင်မှုနှင့် ၂၀၂၄ တွင် ၎င်းတို့၏ မော်တော်ယာဉ်ရောင်းချမှုကို ၃ ဆ ( အစီးရေ ၁၀၀၀၀၀) အထိရောင်းချရန် စီစဉ်ထားမှုစသည့် အချက်များကို ထောက်ပြကာ VinFast ကုမ္ပဏီသည် အံ့အားသင့်စရာများကို ဖန်တီးခဲ့သည်ဟု ယုံကြည်ကြောင်း ဖော်ပြခဲ့ပါသည်။

VinFast ၏ တည်ထောင်သူနှင့် CEO ဖြစ်သူ Pham Nhat Vuang သည် ၎င်း၏ ကိုယ်ပိုင် ကြွယ်ဝမှုထဲမှ အမေရိကန်ဒေါ်လာ(၁) ဘီလီယံကို ကုမ္ပဏီထံ စိုက်ထုတ်ပေးခဲ့ကြောင်း သိရပါသည်။ VinFast သည် ဗီယက်နမ်နိုင်ငံ Hai Phang ရှိ ၎င်းတို့၏ အဓိကစက်ရုံအပြင် အမေရိကန်၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့၌ပါ စက်ရုံများ ဖွင့်ထားကြောင်း သိရပါသည်။ VinFast သည် ၂၀၂၄ ခုနှစ်တွင် ၎င်းတို့၏ ဈေးကွက်ကိုနိုင်ငံပေါင်း(၅၀)ကျော်အထိ တိုးချဲ့ရန်စီစဉ်ထားပြီး ဥရောပ၊ မြောက်အမေရိက၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အရှေ့အလယ်ပိုင်း နှင့် အာဖရိကတို့ကို အဓိကဈေးကွက်အနေဖြင့် အာရုံစိုက်ထားကြောင်း သိရပါသည်။

**Source; VietnamPlus (DOCA-YGN)**




## Cisco သည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအား AI နည်းပညာရန်ပုံငွေအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်

Cisco သည် AI လုပ်ငန်းများတွင် အစုရှယ်ယာဝင်ရန် အလျင်စလိုဆောင်ရွက်နေသော နည်းပညာကုမ္ပဏီများစာရင်းတွင် ပါဝင်ပြီး ဇွန်လ ၄ ရက်(အင်္ဂါနေ့)တွင် Cisco ကုမ္ပဏီသည် ညဏ်ရည်တု တီထွင်မှုများတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအား ရင်းနှီးမြှုပ်နှံခဲ့သည်။

အဆိုပါကုမ္ပဏီသည် Cohere, Mistral AI နှင့် Scale AI ကဲ့သို့သော AI လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် စီစဉ်နေပြီဖြစ်ပြီး ၎င်းအတွက်ရန်ပုံငွေသန်း ၂၀၀ အား ရင်းနှီးမြှုပ်နှံရန်အတွက် ကတိပြုထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။


AI data startup Scale AI သည် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံနီးပါးတန်ကြေးရှိပြီး Foundation model developer များဖြစ်ကြသော Cohere နှင့် Mistral တို့သည် လုပ်ငန်းတစ်ခုလျှင် တန်ဖိုး ၅ ဘီလီယံစီ ရန်ပုံငွေရရှိရန် ရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးနေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

အဆိုပါ Foundation AI model များသည် ဒေတာပမာဏများစွာကို အသုံးပြု၍ တည်ဆောက်ထားပြီး ကျယ်ပြန့်သော AI ကိစ္စရပ်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

Microsoft ကျောထောက်နောက်ခံပြု Open AI သည် Chat GPT ကို အသုံးပြုသူများနှင့် စတင်မိတ်ဆက်ပေးခဲ့ရာ ၂၀၂၂ ခုနှစ်တွင် AI နည်းပညာနှင့် ပတ်သက်၍ လူအများ စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။ ထို့နောက်တွင် Meta and Amazon ကဲ့သို့သော နည်းပညာ ကုမ္ပဏီများသည် AI startup အမျိုးမျိုးတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြသည်။

Cisco ကုမ္ပဏီသည် ပြီးခဲ့သည့် နှစ်များအတွင်း AI နည်းပညာကို အဓိကထားဝယ်ယူမှုနှင့် ရင်းနှီးမြှုပ်နှံမှုပေါင်း ၂၀ ကျော်ကို ပြုလုပ်ခဲ့ပြီး မျိုးဆက်သစ် AI ၊ စက်သင်ယူမှုနှင့် AI ပေါင်းစပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source : Reuters**



## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

၂၀၁၉ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအပါအဝင် မူပိုင်ခွင့်ဥပဒေ ၄ ရပ်ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့ပါသည်။ ဦးစွာအသုံးပြုသူကို အခွင့်အရေးပေးသောစနစ် (First to Use System)မှ ဦးစွာလျှောက်ထားသူကို အခွင့်အရေးပေးသောစနစ်(First to File System)သို့ပြောင်းလဲခြင်းအတွက် အမှတ်တံဆိပ်အဟောင်းများ (စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံမတင်ထားသော်လည်း နိုင်ငံတော်၏ဈေးကွက်အတွင်းတွင် အမှန်တကယ် အသုံးပြုနေသော အမှတ်တံဆိပ်များ)ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ရက်နေ့မှ စတင်၍ အီလက်ထရောနစ်စနစ် (WIPO File System) ဖြင့် အွန်လိုင်းမှတစ်ဆင့် ကနဦး စတင်လက်ခံပေးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှစတင်၍ အမှတ်တံဆိပ်အသစ်များ လျှောက်ထားခြင်းကို တရားဝင်လက်ခံဆောင်ရွက်ပေးခဲ့သည်။ အမှတ်တံဆိပ် အဟောင်းများကို တရားဝင် စတင်လက်ခံသည့်နေ့မှ ၆ လအထိ လက်ခံဆောင်ရွက်ခဲ့ပါသည်။

လူကိုယ်တိုင် လာရောက်၍ လျှောက်ထားရာတွင် လျှောက်လွှာ လက်ခံဌာနများ ဖွင့်လှစ်ထားသည့် ရုံးအမှတ် (၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ အောက်မြန်မာပြည်ရုံး (ရန်ကုန်)၊ အမှတ် (၂၂၈/၂၄၀)ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ အထက်မြန်မာပြည်ရုံး(မန္တလေး)၊ ၃၅ လမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့များရှိ မူပိုင်ခွင့်ရုံးများတွင် လျှောက်ထားနိုင်ပါသည်။ လူကိုယ်တိုင်လာရောက် လျှောက်ထားရာတွင် ဝန်ဆောင်ခကောက်ခံခြင်းမရှိပါ။ လူကိုယ်တိုင် လာရောက်မလျှောက်ထားမီ TM-1 Form ကို ပြည့်စုံစွာ ဖြည့်စွက်ခဲ့ရမည်ဖြစ်ပါသည်။

ကိုယ်စားလှယ်များမှတစ်ဆင့် အီလက်ထရောနစ်စနစ်ဖြင့်လည်း လျှောက်ထားနိုင်ပါသည်။အဆိုပါကိုယ်စားလှယ်များသည် မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများတွင် တက်ရောက်အောင်မြင်ပြီး သင်တန်းဆင်းလက်မှတ်ရရှိထားသူများဖြစ်ရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်များအား လွှဲအပ်လျှောက်ထားမည်ဆိုပါက ၎င်းကိုယ်စားလှယ်များ တောင်းဆိုသော ဝန်ဆောင်မှု အခကြေးငွေအား ပေးရမည်ဖြစ်ပါသည်။

အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့် သက်ဆိုင်သော လျှောက်လွှာပုံစံများနှင့် အသုံးပြုပုံ လမ်းညွှန်ချက်များကို https://www.ipd.gov.mm/trademark/trademark-1/forms-for-trade mark နှင့် https://www.ipd.gov.mm/trademark/trademark-1/guideline-and-useful-information/user-guidelines-1 တို့တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။

အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားချက်များကို တရားဝင် စတင်လက်ခံခဲ့သည့် နေ့ရက်မှ စတင်ပြီး စစ်ဆေးရေးအရာရှိများသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ စစ်ဆေးပြီးစီးသည့် လျှောက်ထားချက်များကို ကန့်ကွက်နိုင်ရန်အတွက် ထုတ်ပြန်ကြေညာချက်များအား မူပိုင်ခွင့်ဦးစီးဌာန Website ဖြစ်သည့် https://www.ipd.gov.mm/translate/publication-for-opposition-of-trademark တွင်လွှင့်တင်ထားရှိပြီးဖြစ်ပါသည်။ အများပြည်သူလွယ်ကူစွာ ရှာဖွေနိုင်စေရန်အတွက် Trademark Database Searching System ကိုလည်း ထုတ်လွှင့်ထားပြီး https://efiling. ipd.gov.mm/wopublish-search/public/trademarks?1 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။ ကန့်ကွက်ခြင်းအတွက် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ရမည်ဖြစ်ပြီး၊ ကန့်ကွက်ခြင်းမရှိသော အမှတ်တံဆိပ် လျှောက်ထားချက်များကို မှတ်ပုံတင်ခွင့်ပြုခြင်းအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။




## အုန်းတန်ဖိုးမြင့်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

အက်ခ်မက်-ကိုရီးယား (ACMECS-ROK)ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအစီအစဉ်ဖြင့် "အုန်းတန်ဖိုးမြင့်ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ရန်ကုန်မြို့၊ Pan Pacific Hotel ၌ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်း ဥက္ကဋ္ဌ Mrs.Nguyen Thi Kim Thanh ခေါင်းဆောင်သည့် ကျွမ်းကျင်ပညာရှင်များက ဗီယက်နမ်နိုင်ငံ၏ အုန်းစိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များ၊ အုန်းစိုက်ပျိုးခြင်းနှင့် Carbon Credit အကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ထုတ်ကုန်အသစ် အဖြစ် Macapuno အုန်းစိုက်ပျိုးထုတ်လုပ်နေမှုများ အကြောင်းကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဗီယက်နမ်ကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ အုန်းစိုက်ပျိုး ထုတ်လုပ်သူများ အသင်းတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကျင်းပစဉ်အတွင်း မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းတို့ အကြား နှစ်နိုင်ငံ အုန်းသီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နားလည်မှု စာချွန်လွှာ(MOU)နှင့် မြန်မာနိုင်ငံOrchard Company Limited နှင့် ဗီယက်နမ်နိုင်ငံ Hoa Binh Hiep Agricultural Service Cooperative တို့အကြား အုန်းပျိုးပင်များပံ့ပိုးပေးရန်နှင့် အုန်းပျိုးပင်များ စိုက်ပျိုးရန်အတွက် နည်းပညာအကူအညီပေးရန် နားလည်မှုစာချွန်လွှာ(MOU) ကို လက်မှတ် ရေးထိုးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်း ဥက္ကဋ္ဌနှင့် ကျွမ်းကျင် ပညာရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်သူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ယင်းကဒစ်ကျေးရွာရှိ အုန်းချိုမွှေးစိုက်ပျိုးသည့်ခြံများသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# A Trusted Partner
# of the
# Business and Development Community

https://mifer.gov.mm
https://www.dica.gov.mm
https://www.myco.dica.gov.mm
htps://doso.dica.gov.mm
https://mohinga.info